# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၄) ၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၊ ၂၃–၁၂–၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သောကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမ ကမွည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## စိုက်ပျိုးနည်းပညာရပ်များ ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံ ဆက်လက်လုပ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ စာမျက်နှာ ၃ သို့★

### တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ တနင်္လာနေ့။

မန္တလေးနေ့စဉ်

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန် တိုးတက်ထုတ်လုပ်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရက မူဝါဒများ ချမှတ်ဆောင်ရွက်ပေးခြင်းနှင့်အတူ လိုအပ်ချက်များကိုလည်း ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် လယ်ယာကဏ္ဍ၏ စိုက်ပျိုးထုတ်လုပ်မှု သိသာစွာတိုးတက်ပြောင်းလဲလာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်သူများနှင့် အနီးကပ်ထိတွေ့ဆောင်ရွက်ကြရသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများ၏ စွမ်းဆောင်နိုင်မှုအရည်အချင်းသည် အဓိကကျသဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းပညာဆိုင်ရာ လုပ်ငန်းများနှင့်အတူ သီးနှံများ အထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ခိုင်မာရေး၊ ဈေးကောင်းရရှိရေးအပါအဝင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်လိုစိတ်ကို ထိရောက်စွာမြှင့်တင်ပေးနိုင်မည့် တောင်သူအကျိုးစီးပွား ဖြစ်ထွန်းစေရေး အစီအမံများ ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဆွေးနွေးပြောကြားသည်။

လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဌာနပိုင်အဆောက်အအုံများ ငှားရမ်းရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာရှင်များ၊ သုတေသီများနှင့် တောင်သူများအကြား စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံအပါအဝင် အဓိက သီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ စက်မှုကုန်ကြမ်းသီးနှံနှင့် ဈေးကွက်ရှိ သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံအလိုက် စိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ အခြေခံစာရင်းဇယားကိန်း ဂဏန်းများ တိကျမှန်ကန်ရေးဆိုင်ရာများကို တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။

နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဒေါက်တာဓမ္မရက္ခိတ၏ 'ပြည့်စုံကြွယ်ဝ လိုတရ' စာအုပ် မိတ်ဆက်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၂**

ရဟန်းစာဆို ဒေါက်တာဓမ္မရက္ခိတ (M.A(psy)M.D (MA), D.S.C(H.C),Ph.D (Hon) ၏ "ပြည့်စုံကြွယ်ဝ လိုတရ" စာအုပ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ အေးချမ်းသာယာရပ်ကွက်၊ မေတ္တာစေတော ဝိမုတ္တိ ဝိပဿနာစခန်း၊ ဓမ္မရက္ခိတ ရာမကျောင်းတိုက်၌ ကျင်းပရာ ရဟန်းစာဆို ဒေါက်တာဓမ္မရက္ခိတနှင့် ပင့်သံဃာ ၅ ပါး ကြွရောက်ပြီး မန္တလေးမြို့ စာပေတင်းကုပ်မှ စာရေးဆရာများ၊ ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းမှ အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် စာရေးဆရာအသင်းမှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရဟန်းစာဆို ဒေါက်တာဓမ္မရက္ခိတက "ပြည့်စုံကြွယ်ဝလိုတရ" စာအုပ် ထုတ်ဝေရခြင်းအကြောင်း မိန့်ကြားပြီး တက်ရောက်လာသူ စာရေးဆရာများက ရဟန်းစာဆို ဒေါက်တာဓမ္မရက္ခိတ၏ စာအုပ်များအပေါ် ဆွေး နွေးလျှောက်ထားကြသည်။

ဆက်လက်၍ ရဟန်းစာဆိုက စာရေးဆရာများနှင့် ဧည့်ပရိသတ်များကို "ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင် ဝိပဿနာမှတ်တမ်း" စာအုပ်နှင့် "ပြည့်စုံကြွယ်ဝ လိုတရ" စာအုပ် နှစ်အုပ် မေတ္တာလက်ဆောင်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသူ စာရေးဆရာများနှင့် စုပေါင်း မှတ်တမ်းတင်ရိုက်ကူးပြီး နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံသည်။

အဆိုပါ စာအုပ်သည် ဆရာတော်၏ ၆ အုပ်မြောက် စာအုပ်ဖြစ်ပြီး James Allen ၏ As Aman Thinketh.... ကို မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုရေးသားထားသော စာအုပ်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ဓဗ္ဗ၁)

၀-၀-၀-၀-၀



## မန္တလေး စက်မှုလက်မှုသိပ္ပံ (G.T.I) ကျောင်းသား၊ ကျောင်းသူများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးစက်မှုလက်မှုသိပ္ပံ (G.T.I) ကျောင်းသား၊ ကျောင်းသူများ၏ (၂၀၂၄)ခုနှစ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံကျောင်းတိုက် သာသနဟိတကာရီ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း (၇၂)ဦးနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး နာယကအဖွဲ့ဝင်များ၊ ပူဇော်ပွဲဖြစ်မြောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မန္တလေး (G.T.I) ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး နာယကအဖွဲ့ဝင် ဦးအောင်ကျော်မြင့်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းဝင်းက (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။ **(အောက်ပုံ)**

ယင်းနောက် အလှူရှင် ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပူဇော်ပွဲဖြစ်မြောက်ရေး နာယကကြီး ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဩကာသ ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြရာ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်ခင်မိုးက ဩဝါဒစကား ပြောကြားချီးမြှင့်သည်။

ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ငွေများဖြင့် တစ်ဦးချင်း ပူဇော်ပေးအပ်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဦးရဲမြင့်သန်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း စကား ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

အခမ်းအနားတွင် အသက် (၆၀)နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီး (၅၈)ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၆ သိန်းနှုန်း၊ အသက်(၈၀)နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီး(၁၄)ဦးတို့အား တစ်ဦးလျှင် ငွေကျပ်(၇) သိန်းနှုန်းဖြင့် စုစုပေါင်း ဆရာကြီး၊ ဆရာမကြီး ၇၂ ဦးတို့အား ပူဇော်ကန်တော့နိုင်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် မဟာဝိဇိတာရုံကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွက် နဝကမ္မအလှူငွေကျပ် ၅ သိန်း တိတိကို ကွယ်လွန်သွားကြပြီဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ လှူဒါန်းခဲ့သည်။ လှူဒါန်းမှုအတွက် ရွှေခြံဆရာတော် အရှင်ယာနိကက ရေစက်ချတရားဟောကြားချီးမြှင့်သည်။



ထို့နောက် ဆရာကြီး၊ ဆရာမကြီးများအား နေ့လယ်စာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၈လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။

★ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမကမ္ပည်းမော်ကွန်း ကျောက်စာနှင့် ရာပြည့်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက် လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ရာပြည့်ဘက်စုံသုံးခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်ကြရာ လမ်းဘေးဝဲ/ယာ တစ်လျှောက်တွင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသား မောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကို ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက တက္ကသိုလ် နှစ်(၁၀၀)ပြည့် သမိုင်းမှတ်တမ်း ရုပ်သံဖိုင်အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းရင်းသားပြည်သူ အများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်း ဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံသာမက ပိုလျှံရေးအတွက် စိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်မှ အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည် ကိုလည်း အားလုံး အသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံ ဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ်စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ဒေသအနှံ့တွင် ပျံ့နှံ့ နေထိုင်နေကြခြင်းကြောင့် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းအင် အရင်းအမြစ်များ ခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကိုဖြစ်စေကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စိုက်ပျိုးရေး တက္ကသိုလ်၏ သမိုင်းမှတ်တမ်းကို လေ့လာကြည့်သည့်အခါ၌ ကိုလိုနီလက်အောက် ကျရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ရေခံမြေခံကောင်းကို အသုံးချနိုင်ရန် အိန္ဒိယနိုင်ငံကို စိုက်ပျိုးရေးအတတ်ပညာသင်များ စေလွှတ်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းကာလတွင် ပညာသင်စေလွှတ်ခဲ့သူ ၄၀ အနက် ၁၉ ဦးသည် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၁ ဦးမှာ အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သိရပါကြောင်း။

မိမိတို့နိုင်ငံ၏ သီးနှံများကို နိုင်ငံတကာ ဈေးကွက်ဝင်စေရန် မိမိတို့၏ မိရိုးဖလာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသည်ကို စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

လေ့လာသိရှိလာခဲ့ကြကြောင်း၊ အကျိုးအမြတ်ရှိပြီး နိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်း ရှိသည့် ပြည်တွင်း စိုက်ပျိုးရေးပညာရှင်များရှိမှဖြစ်မည်ဆိုသည်ကို သတိပြုမိလာခဲ့ကြကြောင်း။

ထို့ကြောင့် လိုအပ်သည့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရကြောင်း၊ ယင်းကာလကတည်းက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် နိုင်ငံ၏ရေခံမြေခံကောင်းကိုအသုံးချပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းခဲ့ကြသည်ကို လေးစားဂုဏ်ယူ အသိအမှတ်ပြုပါကြောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များ ပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ် ရေဆင်းဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ် အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်း များစွာကို သင်ကြားမွေးထုတ် ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ် တက္ကသိုလ်ကြီး ဖြစ်ကြောင်းကို ပြောလိုကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ်သည်လည်း နိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ်များကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးပညာသင်ကြားမှု အစပြုခဲ့သည်မှာ နှစ်(၁၀၀) ပြည့်မြောက်သည့်နှစ်ဖြစ်သဖြင့် အင်မတန်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

စိုက်ပျိုးရေးကောလိပ် စတင်ဖွင့်လှစ်ချိန်၌ **"၃ နှစ် စိုက်ပျိုးရေးဒီပလိုမာ"** အောင်လက်မှတ်ချီးမြှင့်သည့်အဆင့်မှ ဥပစာတန်းအောင်မြင်သူများ နှစ်နှစ်တက်ရောက်နိုင်သည့် သိပ္ပံဘွဲ့ (စိုက်ပျိုးရေး)B.Sc(Agri)၊ သိပ္ပံဘွဲ့ (ပိုးမွေးမြူရေး)B.Sc(Sericulture) တို့ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးမှစပြီး စိုက်ပျိုးရေးပညာဘွဲ့ (Bachelor of Agriculture)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) တို့ကို အပ်နှင်းခဲ့ကြောင်း၊ လက်ရှိအချိန်၌ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပြင် တိုးတက်ပြောင်းလဲလာနေသည့် ခေတ်နှင့်အညီ သင်ကြားပေးနိုင်ရေး သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ သုတေသနများကို နိုင်ငံတကာရှိ တက္ကသိုလ်များအဆင့်နှင့်ကိုက်ညီအောင် ပြုပြင်မွမ်းမံသင်ကြားပေးနေပြီး စိုက်ပျိုးရေးနှင့်နီးနွယ်သော ပညာရပ်ဆိုင်ရာဘွဲ့များ တိုးချဲ့သင်ကြားပေးနေသည့် အတွက် အလွန်အားရဖွယ် အနေအထားဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။



နှစ်(၁၀၀) ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံတော်ကအားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရ ၇၀ နှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ယူပြီးချိန်တွင် "တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"နှင့် "ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး" ဟူသည့် စီးပွားရေး ဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြောင်း။

စာမျက်နှာ ၅ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပင္ဒိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ စာမျက်နှာ ၄ မှ

နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧက စုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပကိုတိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက် ရှိကြောင်း၊ ပန်းတိုင်း ရည်မှန်းချက်သည် အကြိမ်ကြိမ်သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်း ဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ သီးထပ်စွမ်းအား မြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ကြသည့် နေရာတွင် စိုက်ပျိုးရေးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်နေသည့် အခြားဆက်စပ်ကဏ္ဍများက ပညာရှင်များဖြင့် ချိတ်ဆက် လုပ်ဆောင်မှုသည်လည်း အရေးကြီးကြောင်း။

ထိုသို့ ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရေး တက္ကသိုလ်စတင်တည်ထောင်စဉ်ကာလတွင် **"သင်ကြားရေးနှင့် သုတေသန"** ဟူသည့် လုပ်ငန်းနယ်ပယ်နှစ်ရပ်ကို ဦးစားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် **"သင်ကြားရေး၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေး"**ဟူသည့် လုပ်ငန်းစဉ်ကြီးသုံးရပ်အဖြစ် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံး အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး ဦးစားပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေ စိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေး ပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာ မွေးထုတ်ပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးသည့် ယခင်စိုက်ပျိုးရေးသိပ္ပံကျောင်းများအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ် သင်ကြားပေးသည့် အထက်တန်းကျောင်း ၈၅ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေး သိပ္ပံကျောင်းများနှင့် စိုက်ပျိုးရေး ဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း သတ်မှတ်အရည်အချင်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး စိုက်ပျိုးရေးပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်က အားထုတ်ဆောင်ရွက်နေကြသည်ကို သိရှိရသည့်အတွက် ကျေနပ်အားရဖြစ်မိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

စိုက်ပျိုးရေး တက္ကသိုလ်၏ အရေးပါမှုကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် အစိုးရအဆက်ဆက်သည် တက္ကသိုလ်၏ အထင်ကရ အထိမ်းအမှတ်နှစ်များတွင် အထင်ကရအဆောက်အအုံများ ဆောက်လုပ်ပြီး မှတ်တမ်းတင် ဂုဏ်ပြုခဲ့ကြကြောင်း၊ စိန်ရတုနှစ်ဖြစ်သည့် ၁၉၇၉ ခုနှစ်တွင် ဂုဏ်ကျက်သရေတင့်တယ်သည့် စိန်ရတုမွှာရုံနှင့် သေသပ်လှပသည့် စိန်ရတုအစည်းအဝေးခန်းမ၊ တက္ကသိုလ်နှစ်(၉၀) ပြည့်သည့် ၂၀၁၄ ခုနှစ်တွင် ခမ်းနားထည်ဝါသည့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို တည်ဆောက်မှတ်တမ်းတင် ပေးခဲ့ကြောင်း၊ ယခုတက္ကသိုလ်နှစ်(၁၀၀)ပြည့်အခါသမယတွင် နိုင်ငံတကာအဆင့်မီ ရာပြည့်ခန်းမအဆောက်အအုံကြီးကို အထင်ကရ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ပြုချီးမြှင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အလွန်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ တည်ဆောက်ပေးခဲ့သည့် အဆောက်အအုံများကို တန်ဖိုးရှိစွာ အသုံးပြုနေကြဆဲဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ရာပြည့်ခန်းမ အဆောက်အအုံကိုလည်း ပညာရပ်ဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။ စာမျက်နှာ ၆ သို့ ☆

**❂ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေ စိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေး ပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေး ကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်း လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၅ မှ

ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြု စားရေရိက္ခာ ပြည့်စုံဖူလုံစေရေး ဆောင်ရွက်နေကြသည့် စိုက်ပျိုးရေးပညာရှင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏ အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ မွန်မြတ်လှပြီး အတွဲနှင့်ပရ အကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း မျှဝေပေးပြီး အနာဂတ် စိုက်ပျိုးရေးကဏ္ဍ အောင်မြင် တိုးတက်စေရန် စွမ်းစွမ်းတမံ ဆက်လက်လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် အခြားသောဌာနနှင့် နယ်ပယ်အသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ထမ်းရွက်ခဲ့ကြသည့် ပညာရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေဆဲပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် စိုက်ပျိုးရေးအကျိုးကိုဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအကျိုး ဆတက်ထမ်းပိုး လုပ်ဆောင်နိုင်ကြရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။

ဆက်လက်၍လည်း တက္ကသိုလ်ကြီး၏ရည်မှန်းချက် တာဝန်ဖြစ်သည့် စားရေရိက္ခာ ထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးထုတ်လုပ်သူများအကျိုး၊ တိုင်းပြည်အကျိုး၊ သဘာဝပတ်ဝန်းကျင်တည်တံ့စေရေးအကျိုးတို့ကို ရည်သန်ပြီး ရှေ့ဆောင်လမ်းပြလုပ်ဆောင်နိုင်ကြစေရန်၊ နိုင်ငံတွင်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာနှင့် လူသားအရင်းအမြစ် ဆိုင်ရာ အခြေခံ ကောင်းများ၏ အားသာချက်ကို သိရှိပြီး ထိထိရောက်ရောက် အသုံးချနိုင်သကဲ့သို့ အားနည်းချက်များကို သတိပြုမိပြီး ပညာရှင်များ ပီသစွာ ပြုပြင်ဖြည့်စွမ်းပေးနိုင်ကြရန် လိုကြောင်း။

**"စိုက်ပျိုးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဟူသည့် တက္ကသိုလ်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်ပြည်ရွာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်မည့် ထူးချွန်သည့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကြီး ရာပြည့်နှစ်အချိန်ကာလမှသည် ကမ္ဘာတည်သရွေ့ ဆက်လက် အဓွန့်ရှည်တည်တံ့စေရေး ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထွက်ကောင်း အောင်နိုင်တိုးစပါး Yezin Super Rice (YSR-1) စပါးမျိုး ထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဂုဏ်ပြုဆုပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူစဉ်။

Super Rice (YSR-1) စပါးမျိုး ထုတ်လုပ်နိုင်ခဲ့မှုအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကိုဂုဏ်ပြုဆုပေးအပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တက္ကသိုလ်ရာပြည့်သဘင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်လက်ဆောင်အားဂါရဝပြု ပေးအပ်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်သဘင်အထိမ်းအမှတ် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါ ရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက်(တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက် (စနေနေ့) နှင့် ၂၈ ရက် (တနင်္ဂနွေနေ့) တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

အထက်ပါ ပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ **ရှေ့လာမည့်အနီးဆုံး စနေနေ့တစ်ရက်စီကို အစားထိုး ရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။** ပထမရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက် ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)**၊ ဒုတိယ ရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက်(စနေနေ့)နှင့် မတ်လ ၂၉ ရက်(စနေနေ့)**၊ တတိယ ရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက်(စနေနေ့)**၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် (စနေနေ့)တို့ကို အစားထိုး ရုံးတက်ရက်များအဖြစ် သတ်မှတ်မည်** ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကို ပေးအပ်စဉ်။

✪ စာမျက်နှာ ၂၄ မှ

ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘာသာ၊ သာသနာများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပုဒ်မများ ပြဋ္ဌာန်းပြီး ဥပဒေကြောင်းအရ အာမခံချက် ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခွင့် အညီအမျှ ရရှိရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။

ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန် အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံး ငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့်ဘာသာတရားများမတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့အား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်စဉ်။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲ စုစည်း နေထိုင်ခဲ့ကြသည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း၊ ထိုသို့ မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ယင်းကို မိမိတို့ ဆက်လက် ကာကွယ်ထိန်းသိမ်းသွားကြရန် လိုပြီး အထူးသဖြင့် သက်ဆိုင်ရာ ဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းမွန်အောင် တည့်မတ်ပေးကြရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၈ သို့ ✰

❖ ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်

❖ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန် အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံး ငြိမ်းအေးမှုအရသာကို ခံစားကြရမည်

❖ ကိုးကွယ်သည့်ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်



ခရစ္စမတ်သံစုံကို ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော်က သီဆိုဟစ်ကြွေးကြစဉ်။

☆ စာမျက်နှာ ၇ မှ

မိမိတို့အစိုးရအနေဖြင့်လည်း ပြည်သူအားလုံးလိုလားသည့်ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရွေးကောက်ပွဲ... ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေးရည်မှန်းချက်များ ချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခု အတွင်း၌ ကြုံတွေ့လာသည့် ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း နည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ၊ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေအများဆုံး ရှိပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံး ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတည်ငြိမ် အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်း များနှင့် ဘာသာဝင်များက အရေး ကြီးသည့်နေရာတွင်ရှိနေကြောင်း၊ ထို့ကြောင့် ကျရာကဏ္ဍအသီးသီးမှ ပါဝင်ပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုကြောင်း၊ ယခု ခရစ္စမတ်အချိန်အခါမှစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့် အညီမိမိတို့မြန်မာနိုင်ငံသာမကဘဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သား အားလုံး တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သည်းခံပေးမှုစိတ် ထားများဖြင့် တည်ငြိမ်အေးချမ်း သာယာလှပသည့် လူ့အဖွဲ့အစည်း တစ်ခု တည်ဆောက်သွားကြရန် နှိုးဆော်လျက် ခရစ္စမတ်ဆုမွန် ကောင်းတောင်းပါကြောင်း ပြော ကြားသည်။

ယင်းနောက် နော်အယ်ဆရီး ဝါးက ဂုဏ်တော်ချီးမွမ်းခြင်းကို လည်းကောင်း၊ သိက္ခာတော်ရ ဆရာ ဒေါက်တာ မောရစ်လျှန်နာ ဦးဆောင်၍ တက်ရောက်လာကြ သည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတွံ့အပြန် ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister မေရီဇင်မာဆွေက ကျမ်းစာ ဖတ်ကြားခြင်းကို လည်းကောင်း၊ ဓမ္မဒေသနာ ချီးမြှင့်ဟောကြား ခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက လည်း ကောင်း ဆောင်ရွက်ကြပြီး ခရစ္စ မတ်သံစုံကို ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော်မှ သီဆို ဟစ်ကြွေးကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာ အေးမင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အတွက် အထူးဆုတောင်းခြင်းကို ဆောင် ရွက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီ နယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ် ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာ အေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်၊ ခရစ္စမတ် ဆုတောင်းလွှာနှင့် ကျောက်စီ ပန်းချီကားကိုပေးအပ်ရာ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ် အထိမ်း အမှတ် လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် သိက္ခာတော်ရ ဆရာ မန်းပါမာစတန်က ကျေးဇူး တင်စကားပြောကြားပြီး သိက္ခာ တော်ရဆရာ စောဆားနေက ခရစ္စ မတ်အခါသမယ မိတ်သဟာယ ညစာစားပွဲ ဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော် ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ထို့နောက် "ခရစ်တော်ကြွလာ ကျူး" ဓမ္မသီချင်းကို ပရိသတ် များက သံပြိုင်သီဆိုကြသည်။

ဆက်လက်၍ ဂိုဏ်းချုပ် ဆရာ တော်ကြီး ကာဒီနယ်ချားလ်စ် ဘိုက ခရစ္စမတ် ကောင်းချီးဆုမွန် စကား မျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါ သမယတွင် ခရစ်ယာန်ဘာသာဝင် များသာမက ကမ္ဘာပေါ်ရှိ လူသား အားလုံး ခရစ္စမတ်၏ ကောင်းခြင်း မင်္ဂလာတို့ဖြင့် ပြည့်စုံပါစေ ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု၊ အစိုးရအဖွဲ့ဝင်များ၊ တပ်မတော် သားများနှင့် မိသားစုဝင်များ၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေ ကြောင်း ဆုမွန်စကားပြော ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် နှင့် ဇနီး၊ အဖွဲ့ ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာ နိုင်ငံ ခရစ်ယာန်အသင်းတော် ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည် ခင်းဧည့်ခံသည့်မိတ်သဟာယညစာ ကို အတူတကွ သုံးဆောင်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်စဉ်။

❖ **မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေအများဆုံးရှိပြီး ခရစ်ယာန် ဘာသာ ကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတည်ငြိမ် အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့်နေရာတွင်ရှိနေ**

❖ **ယခု ခရစ္စမတ်အချိန်အခါမှစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ မြန်မာနိုင်ငံသာမကဘဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး တစ်ဦးအပေါ် တစ်ဦး နားလည်မှု၊ သည်းခံပေးမှုစိတ်ထားများဖြင့် တည်ငြိမ်အေးချမ်းသာယာလှပသည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်**

## ဘားအံ၌ အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းဆင့်သင်ကြားမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကျင်းပ

ဘားအံ ဒီဇင်ဘာ ၂၂

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူငယ်ရေးရာ ကော်မတီကကြီးမှူးကျင်းပသည့် အခြေခံကင်း ထောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပ သည်။

ဦးစွာ ကင်းထောက်သင်တန်းသား သင်တန်း သူများက ကင်းထောက်ဂုဏ်ရည်သီချင်းဖြင့် ဂုဏ်ပြု သီဆိုဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစော မြင့်ဦးက နိုင်ငံတော်က အားထားရမည့်ကြီးမားသည့် အင်အားစုတစ်ရပ်ဖြစ်သော ကျောင်းသား ကျောင်းသူ လူငယ်များကို အစဉ်အသင့် ဆိုသည့်ကင်းထောက် ဆောင်ပုဒ်နှင့်အညီ မည်သည့်အရေးပေါ် ကိစ္စတာဝန် ကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် လျင်မြန်စွာဖြေရှင်း ဆောင်ရွက်တတ်စေရန်၊ မိဘ၊ဆရာ၊ခေါင်းဆောင်တို့ ၏အမိန့်ကို တစ်သဝေမတိမ်းလိုက်နာတတ်စေရန် တို့အတွက် ဝိုင်းဝန်းပြုစုပျိုးထောင်ရင်း ကင်းထောက် လုပ်ငန်းများအောင်မြင်အောင် တာဝန်ရှိသူများ ကိုယ်စီပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကင်း ထောက်သင်တန်းအတွက် ငွေကျပ် ၁၉၄၇၅၀၀၀ ကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက အခြေခံကင်းထောက် ကြိုးကြပ်၊နည်းပြများနှင့် သင်တန်းသား သင်တန်းသူ များအတွက် ကင်းထောက်လည်စည်းများကို ပေး အပ်ကာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး က ကင်းထောက်သင်တန်းသား သင်တန်းသူများ အတွက် ကင်းထောက်လက်စွဲစာအုပ်ကို ပေးအပ်ချီး မြှင့်သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံ ပညာအထက်တန်းဆင့်(Grade-12)သင်ကြားမှု ထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို နံနက် ၁၁ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ပညာရေးလမ်းကြောင်း တွင် ဆရာ ဆရာမများ အရည်အသွေးမြှင့်မည်ဆိုပါက မျိုးဆက်သစ်ကျောင်းသားများ၏ အနာဂတ်လှပလာ နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏တပည့်များ ထူးချွန် အောင်သင်ကြားရေးကို အာရုံစိုက်သင်ကြားပေးသကဲ့ သို့ ဗလငါးတန်ပြည့်ဝပြီး ထူးချွန်ကောင်းမွန်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး သင်ကြားပေးကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်ကြသည့်ဆရာ ဆရာမများ အတွက် ငွေကျပ် ၁၄၈၅၀၀၀၀ ကို ပြည်နယ် ပညာ ရေးမှူးထံ ပေးအပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်း ကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၁၄၈၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်ထိ လေးရက်ကြာမြင့်မည်ဖြစ်ကာ အခြေခံပညာအထက်တန်းအဆင့်(Grade-12)မှ ဘာသာရပ်ကိုးခုအား ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမ ၉၉ ဦးက ဦးဆောင်ဆွေး နွေးသွားမည်ဖြစ် ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်အရှိန်လွန်၍ မြေသားလမ်းပေါ်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရန်ကုန်- မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၇၃/၂-၃)ကြားတွင် ဒီဇင်ဘာ ၂၁ရက် နံနက် ၈ နာရီခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အုတ်ရှစ်ကုန်းအမြန်လမ်းမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ တစ်ဦးတည်းမောင်းနှင်လာသော Honda Fit အမျိုးအစားအဖြူရောင်ယာဉ်သည် အဆိုပါ မိုင်တိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြေသားလမ်းပေါ်သို့ ရောက်ရှိကာ မြေသားလမ်းဘေးရှိ လမ်းဘေးသစ်ပင်အား ဝင်ရောက်တိုက်မိ ရပ်တန့်သွားခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်းအမျိုးသမီး(မစိုးရိမ်ရ) ဒဏ်ရာရရှိသဖြင့် အမြန်လမ်းကြက်ခြေနီတပ်ဖွဲ့ယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။



(ခဲပုံ)

(ဝ၄၅)



## မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၂၂**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်သော မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နိုင်က မီးသတ်တပ်ဖွဲ့ဝင်များအနေနဲ့ အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်တဲ့ စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန် တပ်ဖွဲ့အတွင်း Men Power ၊ Equipment Power များ တိုးတက်လာတာနဲ့အညီ Technology Power ကိုပါ ဟန်ချက်ညီညီ စဉ်ဆက်မပြတ်တိုးတက်လာပြီး ဌာန၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထောက်အကူရရှိစေနိုင်ရန်နှင့် တပ်ဖွဲ့ဝင်များရဲ့ လုပ်ငန်းစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေစေရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ခေတ်မီမီးဘေးလုံခြုံရေးနည်းပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်ဖို့ ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၉ရက်မှ ၂၀ရက်အထိ ရက်သတ္တပတ်(၂)ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၆၆/၆) တံခွန်တိုင်အပိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ခုနစ်မျိုး၊လူသုံးကုန်ပစ္စည်း သုံးမျိုး၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sung Long Bus တစ်စီးကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ်တစ်ရထားတွဲပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံး ကုန်ပစ္စည်း လေးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်မှ သာမညမှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး၊ Nissan Caravan တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxy ယာဉ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၃၂၇ တန်၊ သစ်မာ ဝ ဒသမ ၃၈၄ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်၊ အမှတ်(၅)လမ်းမကြီးအနီး၌ လိုင်စင်မဲ့ Nissan X- Trail ယာဉ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သန်လျင်မြို့နယ်၊ သီလဝါလမ်းနှင့် အမှတ်(၆)လမ်းထောင့်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ဝ ဒသမ ၅၂၁ တန်နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Lite Ace ယာဉ်တစ်စီးကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မော်တော်ယာဉ်နှင့်
ဆိုင်ကယ်
မောင်းနှင်နေစဉ်
လက်ကိုင်ဖုန်း
မပြောရ။

## Gas အရောင်းဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေး

**ကျေးသီး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ယမန်နေ့က မြို့နယ်အတွင်းရှိ Gas အရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဝင်းကြိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် မြို့ပေါ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိ Gas အရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်နှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ကျင့်ဝတ်တစ်ပါးကို ဦးခိုက်ခြင်း

ကိုလိုနီခေတ်ကာလ မုံရွာနယ်၊ တောရွာကြီးတစ်ရွာသို့ ပထမလယ်တီဆရာတော်ဘုရားကြီးသည် ဆွမ်းစားတရားချီးမြှင့်ရန် ကြွတော်မူလေသည်။ အလှူရှင်မှာ ကြီးကျယ်ခမ်းနားသော နှစ်ဆောင်ပြိုင် အိမ်ကြီးရှင်ဖြစ်၍ ပစ္စည်းဥစ္စာ အတော်အသင့်ပြည့်စုံသော တောသူဌေးဖြစ်ဟန်ရှိသည်။

အလှူပွဲကြီးမဟုတ်၊ တမလွန်သို့ ပြောင်းသွားသော အလှူရှင်၏ မိခင်ကြီးအား ရည်စူး၍ ပြုလုပ်သော ဒါနပွဲဖြစ်သော်လည်း ပရိသတ်မှာ အလွန်စည်ကားသည်။ မဏ္ဍပ်အတွင်းသို့ ဆရာတော်ကြီး ရောက်သွားသော် တရားပလ္လင်အနီး တရားနာယူရန် စောင့်ကြိုနေသော လူကြီးတစ်သိုက်မှာ လှုပ်လှုပ်ရွရွနှင့် စကားကျယ်လောင်စွာ ပြောဆိုနေကြသည်ကို ဆရာတော်ကြီးက သတိပြုမိသည်။

ရဟန်းပရိသတ်၊ လူပရိသတ် စုံပေပြီ။ ဆရာတော်ကြီး တရားပလ္လင်ပေါ်ရောက်သည်နှင့် လှုပ်လှုပ်ရွရွဖြစ်နေသော လူအုပ်ကြီးမှာ မီးကိုရေနှင့် ငြိမ်းသတ်သကဲ့သို့ ငြိမ်သက်သွားလေသည်။ သီလပေးတရားချီးမြှင့်ပြီးနောက် ဒါနအကြောင်းမဟောမီ 'ဘုန်းကြီး စောစောက ကြွလာစဉ် ဟော့ဒီပလ္လင်နားက ဒကာကြီးတစ်သိုက် ကျယ်လောင်ကျယ်လောင်နဲ့ ဘယ်အကြောင်းကို ပြောဆိုနေကြသလဲ'ဟု မေးလေသည်။

ထိုအခါ အသက်(၆၀)ကျော်ခန့် ရှာခံဖြစ်ဟန်တူသော ဒကာကြီးတစ်ဦးက 'မှန်လှပါ၊ တခြားမဟုတ်၊ ယခုကာလ တောရွာကျောင်းများမှ ကိုရင်ကလေးများဟာ ကျေးသားရိုက်ခြင်း၊ ဂုံညင်းထိုးခြင်း စတဲ့ အဆော့သန်ကြပုံ၊ အချို့ရဟန်းပျိုများ၊ တောရွာဘုရားပွဲများမှာ အငြိမ့်ပွဲ၊ဇာတ်ပွဲများကြိုက်ကြ၍ ဝိနည်းသိက္ခာ လျော့နည်းလာပုံအကြောင်း ပြောဆိုကြပါတယ်ဘုရား'

သည်အခါ ဆရာတော်ဘုရားကြီးက ကောသလသံယုတ်လာ မင်းသား မြွေ၊ မီး၊ ရဟန်း အရွယ်ငယ်သော်လည်း မထီမဲ့မြင် မပြုအပ်၊ ကိုရင်ကလေးများမှာ သာသနာတော်၏ အညွန့်အညှောင့်ဖြစ်၍ ဒကာရော၊ ဆရာပါ ထိန်းသိမ်းစောင့်ရှောက်သင့်ပုံ၊ သာသနာတော်နှင့် ပတ်သက်၍ 'ရဟန်းကျင့်ဝတ်တစ်ပါးတတ်က' ကြည်ညိုသင့်ပုံကို အောက်ပါတိဿမင်းကြီး ဝတ္ထုဇာတ်ကြောင်းကို ဥပမာပြ ဟောကြားလေသည်။

**တိဿမင်းကြီးနှင့် ဒုဿီလရဟန်း**

ရှေးအခါက သီဟိုဠ်ကျွန်းမှာ သဒ္ဓါတရားအားကောင်းသည့် တိဿမင်းကြီးမင်းပြုလေသည်။ မင်းကြီးသည် သဒ္ဓါတရားထက်သန်သူဖြစ်သည့်အလျောက် စားဦးစားဖျားကို ဘုရား၊ ရဟန်း စသည့် သူတော်ကောင်းများကို မတင်လှူဘဲ ပွဲတော်တည်လေ့မရှိပေ။ တစ်နေ့သော် မင်းကြီးသည် ဆင်စီးပြီး မြို့တော်ကို လှည့်လည်ကြည့်ရှုသည်။ ရှေးက တိုင်းခန်းလှည့်လည်သည် ဟုဆိုသည်။ ဘုရင်တိုင်းခန်းလှည့်လည်ရသည့်အကြောင်းက ရပ်ရွာအေးချမ်းသာယာရေး၊ ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့၏ အခြေအနေ နိုင်ငံသားတို့၏ အလုပ်အကိုင်အခြေအနေ စသည်ဖြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံရာမှာ အထောက်အကူရရန်ဖြစ်သည်။

သည်အချိန်မှာ သီလမရှိ(ဒုဿီလ)ရဟန်းတစ်ပါးသည် မြို့ရိုးအနီး ကျုံးနံဘေး၌ ငါးမျှားနေလေသည်။ မင်းကြီးနှင့် ပရိသတ်လာသည်ကို မြင်သောအခါ ငါးမျှားခြင်းကို ရပ်၊ ကျုံးဘေးလမ်းပေါ် တက်၊ သစ်ပင်တစ်ပင်၏ ခြေရင်း၌ တင်ပလ္လင်ခွေ၍ တရားနှလုံးသွင်း ဟန်ဆောင်နေလေသည်။

> ကိုရင်ကလေးများမှာ သာသနာတော်၏ အညွန့်အညှောင့်ဖြစ်၍ ဒကာရော၊ ဆရာပါ ထိန်းသိမ်းစောင့်ရှောက်သင့်ပုံ၊ သာသနာတော်နှင့်ပတ်သက်၍ "ရဟန်းကျင့်ဝတ်တစ်ပါးတတ်က" ကြည်ညိုသင့်ပုံကို အောက်ပါတိဿမင်းကြီးဝတ္ထုဇာတ်ကြောင်းကို ဥပမာပြ ဟောကြားလေသည်။

မင်းကြီးသည် ထိုရဟန်းကို တွေ့မြင်ရသည့်အခါ ဆွမ်းကပ်လှူလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာလေသည်။ သည်လိုနှင့် နန်းတော်သို့ပြန်ရောက်ပြီး ပွဲတော်တည်ခါနီးတွင် ထိုရဟန်းအတွက် ဆွမ်း၊ ဟင်းတွေကို မင်းချင်းတွေက တစ်ဆင့်သွားရောက်ကပ်လှူစေလေသည်။

ဒုဿီလရဟန်းက မင်းပရိသတ်တို့ နန်းတော်သို့ ပြန်သွားသည့်အခါ ပြန်၍ ငါးမျှားနေပြန်သည်။ တစ်ဖန် မင်းပရိသတ်တို့ ပြန်လာသည်ကို မြင်သောအခါ သစ်ပင်ရင်းပြန်နေပြီး တရားနှလုံးသွင်းဟန်ပြုပြန်သည်။ သည်အဖြစ်ကို မင်းချင်းတို့တွေ့မြင်ရသည့်အခါ ထိုရဟန်း၏ အပြုအမူကို မနှစ်သက်သဖြင့် မလှူဒါန်းဘဲ ပြန်လာကြသည်။

မင်းချင်းတို့ နန်းတော်ပြန်ရောက်သည့်အခါ မင်းကြီးက 'ရဟန်းတော်ကို လှူခဲ့ရဲ့လား'ဟု မေးလေသည်။ ထိုအခါ မင်းချင်းတို့က ရဟန်းတော် မနှစ်သက်ဖွယ် အမူအရာကို တွေ့မြင်ရသည့်အတွက် 'မလှူခဲ့ပါဘုရား'ဟု လျှောက်ထားလေသည်။ သည်အခါ မင်းကြီးက 'သင်တို့ မြင်တွေ့ရတဲ့အချိန် အဲဒီရဟန်း ဘယ်လိုပြုမူနေသလဲ'ဟု မေးလေသည်။

'ငါးမျှားတာကို စွန့်လွှတ်ပြီး သစ်ပင်ရင်းမှာ တရားကျင့်ဟန် တွေ့မြင်ရပါတယ်ဘုရား'

မင်းချင်းတို့၏ အဖြေကို ကြားရသည့်အခါ မင်းကြီးက ခေါင်းတဆက်ဆက်ငြိမ့်ပြီး 'ကောင်းလေစွ၊ ကောင်းလေစွ'ဟု မိန့်ဆိုကာ 'အဲဒီရဟန်း ဒီလိုပြုမူခြင်းဟာ အရှက်အကြောက်(ဟိရိ၊ဩတ္တပ္ပ) ကပ်ရောက်လို့သာ ဒီလိုပြုမူခြင်းဖြစ်တယ်၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးမှာ ဟိရိ၊ ဩတ္တပ္ပရှိတာဟာ အလွန်အဖိုးတန်တဲ့ သူတော်ကောင်းလက္ခဏာဖြစ်တယ်၊ ဒီဆွမ်းတစ်နပ်က ဘာမှတန်ဖိုးမရှိ၊ ပြန်သွားကာ ရိုရိုသေသေ ဆက်ကပ်ပါလေ' ဆိုပြီး မင်းချင်းတွေကို ပြန်လွှတ်ခိုင်းလေသည်။

> တိဿမင်းကြီးသည် သဒ္ဓါဗလ၊ ပညာဗလနှင့် ပြည့်စုံသူဖြစ်၍ သူများနှင့်မတူသည့် အတွေးအမြင်ရှိသည်ဟု ဆိုရပေမည်။ တစ်နည်း မြင့်မြတ်သော အတွေးကို တွေးနိုင်ခြင်းပင် ဖြစ်သည်။ ထိုသို့သော ဒုဿီလရဟန်းကိုပင် ကြည်ညိုခံထိုက်သည့်အချက်ကို ရှာဖွေပြီး ပူဇော်ခဲ့လေသည်။

တိဿမင်းကြီးသည် သဒ္ဓါဗလ၊ပညာဗလနှင့် ပြည့်စုံသူဖြစ်၍ သူများနှင့်မတူသည့် အတွေးအမြင်ရှိသည်ဟု ဆိုရပေမည်။ တစ်နည်း မြင့်မြတ်သော အတွေးကို တွေးနိုင်ခြင်းပင် ဖြစ်သည်။ ထိုသို့သော ဒုဿီလရဟန်းကိုပင် ကြည်ညိုခံထိုက်သည့်အချက်ကို ရှာဖွေပြီး ပူဇော်ခဲ့လေသည်။

တိဿမင်းကြီး ကွယ်လွန်သည့်အခါ အခြားကုသိုလ်ကောင်းမှုများရှိသော်လည်း ထိုဒုဿီလရဟန်းကို လှူဒါန်းခဲ့သည့် ဆွမ်းတစ်နပ်ကုသိုလ်က အကျိုးပေးခဲ့သောကြောင့် မင်းကြီးသည် တန်ခိုးကြီးသော ဘုမ္မစိုးနတ်မင်းကြီး ဖြစ်ရလေသည်။

ထို့ကြောင့် ဒကာ၊ ဒကာမအပေါင်းတို့လည်း **'ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏** ဆိုသည့် ထုံးကို နှလုံးမူပြီး ရဟန်းသံဃာတို့အပေါ်၌ ကြည်ညိုတတ်ကြပါစေ' ဟု လယ်တီဆရာတော်ဘုရားကြီးက တရားတော်ကို အဆုံးသတ်လိုက်သည့်အခါ-

ဒါနပြုပွဲသို့ လာရောက်ကြသည့် ဒကာ၊ ဒကာမအပေါင်းတို့က သုံးကြိမ် သုံးခါ 'သာဓု၊ သာဓု၊ သာဓု'ဟု ဝမ်းမြောက်နှမော်ခေါ်ကြလေကုန်သတည်း။

**ကျမ်းကိုး-**

**အဂ္ဂမဟာပဏ္ဍိတ၊ အရှင်နန္ဒမာလာဘိဝံသ (Ph-D)၏ အဘိဓမ္မမြတ်ဒေသနာ(ပထမတွဲ)**

**သန်းစိုးအောင်**

## ကံမမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



**ကံမ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကံမမြို့၊ အမှတ်(၁) ရပ်ကွက်၊မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်ဆွေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသင်းသူ၊ အသင်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)က အမှာစကားပြောကြားရာတွင် သမဝါယမနှင့်ပတ်သက်ပြီး ကံမမြို့နယ်တွင် သမဝါယမသက်တမ်းသည် (၅၁)နှစ် သက်တမ်းရှိပြီဖြစ်ကြောင်း၊ သမဝါယမစနစ်သည် အလွန်ကောင်းမွန်သည့် စနစ်ဖြစ်သောကြောင့် သမဝါယမအသင်းများမှာလည်း အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်းနှင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးအောင်တင့်က ရှေ့လုပ်မည့်လုပ်ငန်းများအား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုတင်က သမဝါယမလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုအတွင်းရေးမှူး ဦးအေးဟန်နှင့် အသင်းဝင်များက မြို့နယ်သမဝါယမအသင်းစုဒါရိုက်တာအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ မြို့နယ်သမဝါယမအသင်းစု အသင်းသားစာရင်းစစ်အဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးချက်အစီရင်ခံစာနှင့် နှစ်ချုပ်စစ်ဆေးရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။ ထို့နောက် ကံမမြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အဖွဲ့၏ နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတို့ကို အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

*-*-*-*-*-*-*

# နိုင်ငံတကာ အားကစား သတင်းများ



## အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆု ရယူသွားလိုဟု ဂယ်လာဂါ ပြောကြား



**မက်ဒရစ် ဒီဇင်ဘာ ၂၂**

အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဂယ်လာဂါက မိမိအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ စပိန်လာလီဂါချန်ပီယံဆုကြီး ရယူသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(ဓပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည်လည်း ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ ပွဲစဉ် ၁၈ ပွဲ ကစားအပြီးတွင် ရမှတ် ၄၁ မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂယ်လာဂါက "အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါ ချန်ပီယံဆုကြီး ရယူသိမ်းပိုက်သွားလိုပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## လက်ရှိချန်ပီယံအသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု နည်းပြ အူနိုင်းအမ်မရီ ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၂**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ အူနိုင်းအမ်မရီက ယခုပွဲစဉ်တွင် အသင်းသားများ၏ခြေစွမ်းပိုင်းကိုလည်း အားရမိကြောင်း၊ လက်ရှိချန်ပီယံအသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲ ကစားအပြီးတွင် ရမှတ် ၂၈ မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်ခဲ့သည်။

နည်းပြ အူနိုင်းအမ်မရီက "လက်ရှိချန်ပီယံအသင်းအား အနိုင်ရရှိလို့ အလွန်ကျေနပ်မိပါတယ်။ ကျွန်တော်အသင်းသားတွေရဲ့ ခြေစွမ်းကလည်း အံ့မခန်းပါပဲ။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းမှာလည်း ယခုလိုနိုင်ပွဲတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ အနာဂတ်မှာ အက်စတွန်ဗီလာအသင်းနှင့်အတူတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## မေဆန်မောင့် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ကြာ အနားယူရမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၂**

မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မေဆန်မောင့် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ကြာ အနားယူရမည်ဖြစ်သည်။


အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းက မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မေဆန်မောင့် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မေဆန်မောင့်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃ ပွဲကစားပြီး ၁ဂိုး သွင်းယူထားသည်။

**(အောက်ပုံ)**

**(NGB)**





## ယူရို ၂၀၂၅ အမျိုးသမီးပြိုင်ပွဲတွင် အသုံးပြုမည့် ဘောလုံးပုံစံထွက်ပေါ်

**လန်ဒန် ဒီဇင်ဘာ ၂၂**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပသွားမည့် ယူရို ၂၀၂၅ အမျိုးသမီးပြိုင်ပွဲတွင် အသုံးပြုမည့် ဘောလုံးပုံစံ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အဆိုပါ ဘောလုံးပုံစံကို Adidas မှ ထုတ်လုပ်ခဲ့ပြီး KONEKTIS ဟု အမည်ပေးထားကာ ဒီဇိုင်းပုံစံမှာ အဖြူနှင့် နေဗီအရောင်အား အသုံးပြုထားပြီး၊ အပြာ၊ အစိမ်း၊ အနီ၊ လိမ္မော်အရောင်တို့နှင့်လည်း အလှဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

Adidas က ဘောလုံးပုံစံကို ဆွစ်ဇာလန်နိုင်ငံ၏ တောင်တန်းတွေများနှင့် ပြိုင်ပွဲကျင်းပသွားမည့် မြို့ရှစ်မြို့ရှိ အဆောက်အအုံတွေရဲ့ဒီဇိုင်းပုံစံအား ယူ၍ ဖန်တီးထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ယူရို ၂၀၂၅ အမျိုးသမီးပြိုင်ပွဲအား လာမည့် ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် စတင်သွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**



## ကွန်ဒီအား ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်း ကမ်းလှမ်း

**လန်ဒန် ဒီဇင်ဘာ ၂၂**

အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား ကွန်ဒီအား ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ ပွဲ ကစားပြီး ၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း အာဆင်နယ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ပြင် နောက်ခံကစားသမား ကွန်ဒီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နောက်ခံကစားသမား ကွန်ဒီအား အာဆင်နယ်အသင်း ကစားသမားအဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2024 ASB Classic တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၃၀ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၂၂**

နယူးဇီလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီးတင်းနစ် ပြိုင်ပွဲဖြစ်သည့် 2024 ASB Classic တင်းနစ်ပြိုင်ပွဲ လာမည့် ဒီဇင်ဘာ ၃၀ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 ASB Classic တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 ASB Classic တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ASB Classic တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချီလီ တင်းနစ်ကစားသမား Alejandro Tabilo နှင့် အမေရိကန် တင်းနစ်မယ် Coco Gauff ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ကယ်လ်ဗက်လီဝင်အား ခေါ်ယူရန် ဖီအိုရင်တီးနားအသင်းစီစဉ်

**တူရင် ဒီဇင်ဘာ ၂၂**

ဖီအိုရင်တီးနားအသင်းသည် အယ်ဗာတန်အသင်း တိုက်စစ်မှူး ကယ်လ်ဗက်လီဝင်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်ဗာတန်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၃ ပွဲကစားကာ ဂိုး ၇၀ ထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ကယ်လ်ဗက်လီဝင်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အယ်ဗာတန်အသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။



ထို့ကြောင့် ဖီအိုရင်တီးနားအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အယ်ဗာတန်အသင်းထံမှ ကယ်လ်ဗက်လီဝင်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၄-၁၂-၂၀၂၄ နံနက်၀၀း၀၀နာရီ | (၄)ဖီအိုရင်တီးနား - အူဒီနီးစ်(၉) (W,W,W,W,L) (L,,D,L,W,L) | ဖီအိုရင်တီးနား ၂-၂ အူဒီနီးစ် | ဖီအိုရင်တီးနား(အိမ်) | ၇ | ၅ | ၂ | - | ၁၅ | ၆ |
| | | အူဒီနီးစ် ၀-၂ ဖီအိုရင်တီးနား | အူဒီနီးစ်(ဧည့်) | ၈ | ၂ | ၂ | ၄ | ၁၀ | ၁၄ |
| ၂၄-၁၂-၂၀၂၄ နံနက်၀၂း၁၅နာရီ | (၃)အင်တာမီလန် - ကိုမို(၁၆) (W,D,W,W,W) (D,L,D,D,W) | အင်တာမီလန် ၄-၀ ကိုမို | အင်တာမီလန်(အိမ်) | ၈ | ၅ | ၂ | ၁ | ၁၉ | ၁၀ |
| | | ကိုမို ၀-၂ အင်တာမီလန် | ကိုမို(ဧည့်) | ၉ | ၁ | ၃ | ၅ | ၈ | ၁၅ |

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၂**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ ရှင်းလင်းဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများ၊ ဂျပန်နိုင်ငံ၊ သဘာဝသိပ္ပံအမျိုးသားပြတိုက် (National Museum of Nature and Science- NMNS)မှ Chief Curator ဖြစ်သူ Dr.Nobuyuki Tanaka၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်သိပ္ပံအကယ်ဒမီ၊ စစ်ဆောင်းပါးနား အပူပိုင်းဒေသ ရုက္ခဗေဒဥယျာဉ်(Xishuangbanna Tropical Botanical Garden-XTBG)မှ ရုက္ခဗေဒပညာရှင် ပါမောက္ခ Mr.Tang Yun Hong၊ ထိုင်းနိုင်ငံ Mae Fah Luang Foundation မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Dr.Supatchaya Techachoochert၊ စစ်ကိုင်းတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ဟုမ္မလင်းဒီဂရီကောလိပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ပန်းပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပန်းအခြေခံစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးသည့်မြို့တော်၊ ပန်းထုတ်လုပ်ဖြန့်ဖြူးရာ ဗဟိုချက်မဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရန်၊ ဥယျာဉ်ကို လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် သစ်တောသစ်ပင်များ၏ အရေးပါမှု၊ အကျိုးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပိုမိုသိရှိ တန်ဖိုးထားတတ်လာစေရန်၊ ခရီးသွားဧည့်သည်များအနေဖြင့် ပွဲတော်အတွင်း စိတ်ကြည်နူးစွာ ပါဝင်ဆင်နွှဲနိုင်ရုံသာမက ဗဟုသုတတိုးပွားပြီး လေ့လာလည်ပတ်ရကျိုးနပ်စေရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုနိုင်ခြင်းဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပန်းပွဲတော်အစဉ်အလာကို ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် ယခုအလုပ်ရုံဆွေးနွေးပွဲမှတဆင့် အပင်မျိုးစိတ်များ ထိန်းသိမ်းခြင်း၊ သိပ္ပံနည်းကျသုတေသနပြုခြင်း၊ ပန်းမန်စိုက်ပျိုးခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးချခြင်းအစရှိသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည့် "ရုက္ခဗေဒဥယျာဉ်"များ အောင်မြင်စွာဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့်နည်းလမ်းများကို အကြံပြုဖော်ထုတ်သွားကြရန် ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျွမ်းကျင်သူများက ရှင်းလင်းတင်ပြခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းတို့ပါဝင်ပြီး ရုက္ခဗေဒနှင့်ဥယျာဉ်ဆိုင်ရာ ကျွမ်းကျင်သူများက ရှင်းလင်းတင်ပြကြရာတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက အမျိုးသားကန်တော်ကြီးဥယျာဉ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံ၊ သဘာဝသိပ္ပံအမျိုးသားပြတိုက် (National Museum of Nature and Science- NMNS)မှ Chief Curator ဖြစ်သူ Dr.Nobuyuki Tanaka က အပင်မျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုက္ခဗေဒဥယျာဉ်မှ အဓိကအခန်းကဏ္ဍမှ ပါဝင်နေမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်သိပ္ပံအကယ်ဒမီ၊ စစ်ဆောင်းပါးနား အပူပိုင်းဒေသ ရုက္ခဗေဒဥယျာဉ် (Xishuangbanna Tropical Botanical Garden-XTBG)မှ ရုက္ခဗေဒပညာရှင် ပါမောက္ခ Mr.Tang Yun Hong မှ XTBG စတင်တည်ထောင်ခဲ့ပုံနှင့် သုတေသန၊ ပညာပေးရေးနှင့် အပန်းဖြေဖျော်ဖြေရေးဆိုင်ရာဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ Mae Fah Luang Foundation မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Dr.Supatchaya Techachoochert က ချင်းရိုင်မြို့၊ Doi Tung ဒေသ၏ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြပါသည်။

ဆက်လက်၍ ရုက္ခဗေဒပညာရှင်များဖြစ်သည့် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေး၊ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်၊ ဟုမ္မလင်းတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း)ဒေါက်တာ သက်နိုင်ဦး၊ မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာ ကလျာလှတို့က အမျိုးသားကန်တော်ကြီးဥယျာဉ်အောင်မြင်စွာဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုနိုင်မည့် ရုက္ခဗေဒပညာရပ်ဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ပွဲကောက်ရေတံခွန်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ထွန်းလွင်က မြေယာရှုခင်းနှင့် အပန်းဖြေဝန်ဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းထွန်းက အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် အမျိုးသားကန်တော်ကြီးဥယျာဉ် အောင်မြင်စွာဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့်နည်းလမ်းများကို "အမျိုးသားကန်တော်ကြီးဥယျာဉ် အမြဲသာယာလှပရေး၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း စိုက်ပျိုးသင့်သည့် ဈေးကွက်ဝင်ပန်းမျိုးစိတ်များ ဖော်ထုတ်ရေး၊ သုတေသနဖွံ့ဖြိုးတိုးတက်စေရေးနှင့် နည်းပညာများ တီထွင်ဆန်းသစ်ရေး" စသည့် ခေါင်းစဉ် ၃ ခုဖြင့် အုပ်စု ၃ အုပ်စုဖွဲ့၍ ဆွေးနွေးအကြံပြုဖော်ထုတ်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်နှင့် ပန်းပွဲတော်အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ကျောက်ဆည်မြို့နယ် ထားဝယ်ကျေးရွာတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများ (အခမဲ့)သင်ကြားပေးလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပင်တလည်ကျေးရွာအုပ်စု၊ ထားဝယ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများ (အခမဲ့)သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထားဝယ်ကျေးရွာသည် မိုခါမုန်တိုင်းကြောင့် ရေဘေးသင့်ခဲ့သောကျေးရွာတစ်ရွာဖြစ်ပြီး ပြည်သူများ နေ့စဉ်ဝင်ငွေရရှိပြီး စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပန်းကန်ဆေးဆပ်ပြာထုတ်လုပ်နည်း၊ ဘက်စုံသုံးဆပ်ပြာထုတ်လုပ်နည်း၊ သဘာဝခေါင်းလျှော်ရည်ထုတ်လုပ်နည်း စသည့်နည်းပညာများကို စာတွေ့လက်တွေ့ သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဆပ်ပြာအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်အမျိုးမျိုးတို့ကို အရင်းအနှီးနည်းနည်းဖြင့် ကိုယ်တိုင်ပြုလုပ်နိုင်ပြီး မိသားစုအပိုဝင်ငွေများ အလွယ်တကူ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်နေ့အထိ ၅ ရက်အကြာ စာတွေ့လက်တွေ့သင်ကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပန်းဉယျာဉ်နှင့် ကစားကွင်းများဌာနမှ ကြီးမှူး၍ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲအားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် တတိယနေရာလုပွဲနှင့်ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားလွန်ဆွဲပြိုင်ပွဲများ တတိယနေရာလုပွဲကို အဆောက်အအုံနှင့် ကုန်ရုံဌာနအသင်းနှင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာန(က) အသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲကို ပန်းဉယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် တတိယနေရာလုပွဲကို စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းနှင့် သန့်ရှင်းရေးဌာနအသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲကိုပန်းဉယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိကြသည့်အသင်းများကို ဆုပေးပွဲကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။



အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် တတိယဆုရ စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းကို ဆုကြေးငွေတစ်သိန်းခွဲကျပ်ကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဈေးနှင့်သားသတ်ဌာနအသင်းကိုဆုကြေးငွေနှစ်သိန်းကျပ်နှင့် ပထမဆုရရှိသည့် ပန်းဉယျာဉ်နှင့် ကစားကွင်းများဌာနအသင်းတို့ကိုဆုကြေးငွေသုံးသိန်းကျပ်ကို မန္တလေးမြို့တော်ဝန်က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက်အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် တတိယဆုရစက်ရုံနှင့်မော်တော်ယာဉ်ဌာန(က) အသင်းကိုဆုကြေးငွေတစ်သိန်းခွဲကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဈေးနှင့်သားသတ်ဌာနအသင်းကိုဆုကြေးငွေနှစ်သိန်းကျပ်ကိုလည်းကောင်း၊ ပထမဆုရရှိသည့် ပန်းဉယျာဉ်နှင့်ကစားကွင်းများဌာန အသင်းကိုဆုကြေးငွေသုံးသိန်းကျပ်ကို မန္တလေးမြို့တော်ဝန်က ဆုများအသီးသီးပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**







## ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၃နာရီ အချိန်က ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်လာစေရန်၊ အားကစားသမားများ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် အညီ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားတတ်စေရန်၊ ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားကောင်းများပေါ်ထွန်းလာစေရန်တို့အတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်(၄)ရပ်ရွတ်ဆိုကြပြီး ဘာသာရပ်ပေါင်းစုံပါဝင်သော ညွန့်ပေါင်း(က)အသင်းနှင့်ညွန့်ပေါင်း(ခ)အသင်းတို့ အဖွင့်ပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားကြရာ ညွန့်ပေါင်း(ခ)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။ **(အောက်ပုံ)(၃၄၀)**



## မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် သိကောင်းစရာ TALK SHOW ပြုလုပ်

**အမရပူရ ဒီဇင်ဘာ ၂၂**

အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်း သိကောင်းစရာ Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

Talk Show ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးလှိုင်ဝင်းထွန်းက မီးခိုးမြူငွေ့အဓိပ္ပါယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ မြန်မာနိုင်ငံမီးခိုးမြူ ငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာရခြင်းအခြေအနေ၊ မီးခိုးမြူငွေ့ကြောင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများ၊ ဆိုးကျိုးများ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ လိုက်နာရမည့် အချက်များ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဌာနမှ လုပ်ဆောင်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

ဝတ္ထုတိုကဏ္ဍ

# ဈေးကလေးကို ကျေးဇူးတင်

ခိုင်ခိုင်မြသီရိ (မန္တလေး)



(၁၆-၁၂-၂၀၂၄)ရက် စာမျက်နှာ(၁၄)မှ အဆက်

ငါးနဲ့ကြက်သားတွဲတွဲရောင်းတဲ့ မိန်းမကတော့ အပိုစကားမပြော၊ မျက်နှာထားကလည်း တင်းပါ့။ ဒါပေမဲ့ လက်က ပိုပိုသာသာထည့်ပေးတတ်လို့ ကျွန်မစိတ်ကြိုက်ပါပဲ။

'ခရမ်းချဉ်သီးတွေ … ခြံထွက်တွေ … ရမယ်။'

'နာနတ်သီး …ဟော့ ဒီဘက်က နာနတ်သီး'

'ဆိတ်သားတွေ၊ ဆိတ်သားခြောက်၊ ဆိတ်ခေါင်း၊ ဆိတ်ဦးနှောက်၊ ဆိတ်နံရိုး၊ ဆိတ်ဗိုက်တင်းဘော၊ ဆိတ်ရိုး၊ ဝယ်မှန့်င်ပေးတဲ့ ဆိတ်သားသည်နော်'

'ဘုရားပန်း၊ သပြေငုတ်တွေ၊ ဇွန်ပန်း၊ နှင်းဆီပန်း၊ စံပယ်ပန်း'သလဲကုန်းက လာရောင်းတဲ့ပန်းသည်လေးတွေ။

ဈေးထဲမှာ အသံတွေစုံလို့။ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်လက်ဆုပ်စည်းတွေကလည်း အားပါးတရ၊ မှိုနဲ့ဆူးပုပ်သည်က ရွာဘက်ကလာတာတဲ့။ ဆီးသီးတွေလည်းပါရဲ့။ ဘူးသီးနဲ့ ဖရုံသီးတွေကို စိတ်ရောင်းတဲ့ အဒေါ်ကြီးကလည်း စိတ်လို့မနိုင်။ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ မဆလာတွေကလည်း မေ့တတ်တဲ့အမျိုးမို့ ကျွန်မတွေ့တုန်း ဝယ်ထားလိုက်ရတယ်။ ဈေးဝယ်သူအများစုဟာ ကျွန်မတို့လို လက်လုပ်လက်စားတွေပါပဲ။ အေးလေ 'သူ့အိုးနဲ့သူ့ဆန် တန်ရုံပေါ့' ဈေးနည်းနည်းသက်သက်သာသာနဲ့ရောင်းတဲ့ ဈေးလေးရယ်။ စားရေးသောက်ရေးမှာ ငွေကုန်ကြေးကျ မခံနိုင်ကြသူတွေရယ် အံဝင်ခွင်ကျပဲပေါ့။

ကုန်ဈေးရောင်းတဲ့သားအဖဆိုရင် ခင်စရာကောင်းတယ်။ သမီးဖျိုလေးက သွက်သွက်လက်လက်လေး။ ဦးလေးကြီးကတော့

'ဝယ်ကြပါဗျာ၊ ကုန်တွေမရောင်းရလို့ အိမ်ပြန်ပါသွားရင် မိန်းမက ဆူမှာမို့ပါ'

ဆိုတော့ ဘေးက ဝက်သားသည်ကောင်လေးက

'ရိုက်ရောရိုက်သေးလားဦးလေး'လို့ စ,နေသေးတယ်။

'လျှော့ဈေး၊ လျှော့ဈေး၊ ရယ်ဒီမိတ်တွေ၊ ချုပ်ခပဲရှိတယ်။ လျှော့ဈေး' အဆင်သင့်လို့ လက်ပွေ့အထည်သည်ဆီက ကျွန်မ အင်္ကျီလေးတစ်ထည်တောင် ဝယ်လိုက်သေးတယ်။ ကျွန်မကျူးဈေးလေးမှာ ဈေးဝယ်ရတာ အဆင်ပြေနေတော့ အဆောင်အနီးနားက ဈေးမလာနိုင်သူတွေက ပိုင်းမှာကြတယ်။ တိုလီမိုလီလေးတွေက စလို့ပေါ့။ ကျွန်မကလည်း ဈေးဝယ်ရတာ ဝါသနာပါသူမို့ စိတ်ရှည်လက်ရှည် ဝယ်ပေးပါတယ်။ သွားရတာက စက်ဘီးနဲ့မို့ စက်ဘီးတစ်နိုင် ရှေ့ခြင်း၊ နောက်ကယ်ရီယာမှာပါ နိုင်သမျှ သယ်ပေးလိုက်တယ်။ ငှက်ပျောသီး တစ်ခါဝယ်ရင် သုံးဖီးလောက်ဝယ်တော့ ငှက်ပျောသီးသည်က

'အစ်မက ပြန်ရောင်းတာလား၊ ဈေးဆိုင်ရှိသလား'တဲ့။

ကျွန်မမှာ ပြန်ရှင်းပြရပါတယ်။ အခါအခွင့်ကြုံလို့ တစ်နေကုန်ဖွင့်တဲ့ ဈေးကြီးတွေဘက်ရောက်ရင်တောင် ဈေးမဝယ်တတ်တော့ဘူး။ ကျွန်မရဲ့ ကျူးဈေးလေးက တစ်နေ့တခြားတက်နေတဲ့ ကုန်ဈေးနှုန်းကို ကျားကန်နိုင်တဲ့ဈေးနဲ့ ရောင်းပေးနေလို့ ကျွန်မတို့လို ဝင်ငွေနည်းတဲ့သူတွေအတွက် အဆင်ပြေပါတယ်။

အရင်တလောကတောင် မြရည်နန္ဒာဝန်ထမ်းတိုက်ခန်းတွေဘက်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဈေးတစ်ခု ထပ်ဖွင့်ပေးခဲ့တယ်လို့ သိရတယ်။ တိုက်ခန်းမှာနေတဲ့သူတွေ အဆင်ပြေသွားလို့ ဝမ်းသာပါတယ်။ တစ်ရက်တစ်ရက် ဈေးသွားရတဲ့ ဒုက္ခက မသေးဘူး။ ရှိတဲ့ငွေနဲ့ လောက်ငအောင် စီမံရတဲ့ ဒုက္ခကမှပိုကြီးတယ် ထင်တာပဲ။

မနေ့ညနေက ရွာတဲ့မိုးဟာ သည်းကြီးမည်းကြီး။ အညာမိုးဆိုတော့ ရွာလိုက်ရင် 'ဒလိမ်းထိုး'လေ။ ကျွန်မမှာ ပိုက်ဆံအိတ်ပြားချပ်ချပ်လေးကို ကြည့်ရင်း သက်ပြင်းချလိုက်တယ်။ လကုန်ဖို့ နှစ်ရက်လိုသေးတယ်။ ဟင်းချက်စရာ တိုလီမိုလီလေးတွေကုန်ပြီ။ ဆီနဲ့ ဆန်ကတော့ ဝယ်ထားလို့ရှိပါရဲ့။ ဒီရက်အတွင်း ရိက္ခာဝယ်မှ ရတော့မယ်။ မိုးကလည်း မတိတ်သေးဘူး။ ဒီနေ့ နံနက် ၈ နာရီမှာ အလုပ်ဝင်ရမှာဆိုတော့ အခု ၆ နာရီထိုးပြီ။ မိုးကိုစောင့်နေလို့ မဖြစ်တော့တာမို့ ကျွန်မ မိုးကာအင်္ကျီဝတ်ပြီး စက်ဘီးနင်းရင်း ကျူးဈေးလေးကို ထွက်လာခဲ့တယ်။ အညာမိုးက သည်းလိုက်၊ စဲလိုက်နဲ့။

လမ်းရောက်မှ သတိရတယ်။ တကယ်လို့ မိုးရွာနေလို့ ကျူးဈေးသည်လေးတွေ မထွက်ရင်ရော။ ဒါဆိုရင် ဈေးကြီးကကုန်ပစ္စည်းတွေက ကျွန်မတို့အတွက် မကိုက်လှပါ။

'ဟယ် တတ်နိုင်ဘူး။ ရောက်တော့မှ ရောက်ရာပေါ့'

ကျွန်မစက်ဘီးလေးကို အားထည့်နင်းလိုက်ပါတယ်။ ဇော်ဂျီလမ်းဘက် ချိုးကွေ့လိုက်တော့ ခါတိုင်းဖွင့်နေကြ အိမ်ဆိုင်လေးတွေတောင် မိုးစက်မိုးပေါက်တွေအောက်မှာ တချို့က ပိတ်လို့၊ တချို့က ငြိမ်ကုပ်လို့၊ အညာသူ၊ အညာသားတွေဆိုတာ မိုးကြောက်ကြတယ်လေ။ ဘုန်းကြီးကျောင်းတစ်ကျောင်းပြီး တစ်ကျောင်းကို ဖြတ်ကျော်လာခဲ့တယ်။

'ဟင် …. ထင်တဲ့အတိုင်းပဲ'

ဈေးသည်တွေရောင်းနေကျ မြေကွက်လပ်ကြီးမှာ ရေတွေဖွေးလို့၊ ဈေးသည်တစ်သည်မှ ရှိမနေပါ။

ဒါဆိုရင် ….

ကျွန်မအချိန်မီ ထမင်းပဲချက်ပြီး ဟင်းအတွက်ကတော့ ဖြစ်သလိုပေါ့။ ကျွန်မ ဝမ်းလည်းနည်းလှပါတယ်။ ရှိတဲ့ငွေလေးကို တိုင်းထွာပြီး သုံးစွဲရတဲ့ဘဝကိုပေါ့။ ဘယ်မှာများ ဘာဝယ်ရပါ့မလဲ။ ပါတဲ့ငွေနဲ့ မလောက်ရင်၊ မဝယ်နိုင်ရင် အဆောင်က ညီမလေးတွေရဲ့မျက်နှာကို ဘယ်လိုကြည့်ရပါ့။ ဒီလောက်တက်နေတဲ့ ကုန်ဈေးနှုန်းရဲ့ဒဏ်ကို အစ်မကြီးက ဈေးကလေးအားကိုးနဲ့ ဖြေရှင်းနေတယ်ဆိုတာကို ညီမလေးတွေ သိတန်ကောင်းပါရဲ့။

ကျွန်မ ဝဲတက်လာသော မျက်ရည်ကို မျက်တောင်အသာခပ်လိုက်ရင်း စက်ဘီးကို ဖြည်းဖြည်းပြန်လှည့်လိုက်ပါတယ်။ မိုးက တိတ်သွားပါပြီ။ အဲဒီအချိန်မှာပဲ ကျွန်မနားထဲမှာ ဖျတ်ခနဲ ….

'…..'

'…..'

'…. ရမယ်နော် …. ရမယ်'

'တစ်ထောင်ဖိုး သုံးထုပ် …. သုံးထုပ်'

'အလို …'

ကျွန်မစက်ဘီးကို ပြေးတွန်းရင်း လေးငါးလှမ်း ရှေ့တိုးပြီး တစ်ဖက်လမ်းသွယ်ထဲကို ခါးကုန်းပြီး ကြည့်လိုက်တယ်။

'အို ….'

မြင်လိုက်ရတဲ့ မြင်ကွင်းကလေ … ။

ကျွန်မချစ်တဲ့ ဈေးသည်လေးတွေ။

လမ်းတစ်ဘက်ရေလွတ်ရာ ဘုန်းကြီးကျောင်းဘေးမှာ ထီးကိုယ်စီ၊ မိုးကာကိုယ်စီနဲ့ ဈေးခင်းနေလိုက်ကြတာများ။

'အို … ချစ်လိုက်တာ ဈေးသည်လေးတွေ'

ကျွန်မ စက်ဘီးကိုအမြန်တွန်းပြီး ဈေးသည်လေးတွေရှေ့ရောက်သွားတယ်။

'ဝယ်လိုက်စမ်းဦးမယ်တဲ့'

ကျွန်မရင်ထဲက အပူလုံးကြီး 'ဝုန်း'ခနဲ ကျသွားပါပြီ။

မိုးရေစိုနေတဲ့ ဈေးသည်လေးတွေနဲ့ မိုးရေအောက်က အပြုံးမျက်နှာလေးတွေက ကျွန်မရင်ကို အေးချမ်းသွားစေတယ်။ ကျွန်မတစ်မျိုးပြီး တစ်မျိုးဝယ်ပြီး ကျွန်မရဲ့ဈေးခြင်းအိုလေးထဲကို ပစ်ထည့်နေမိတယ်။ ကျွန်မလည်း အပြုံးမျက်နှာနဲ့ပဲပေါ့။

'ကျေးဇူးပါ … ဈေးကလေးရေ'

# မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွပ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် ၂၀၂၅ခုနှစ် (၇၇)နှစ်မြောက် လွပ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်း ဗန္ဓုလအဆောင်၌ ကျင်းပခဲ့သည်။**(အပေါ်ယာပုံ)**



အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်၍ မြစ်သားမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများရှိ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့က စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် လွတ်လပ်ရေးနှင့်ပတ်သက်သည့် ခေါင်းစဉ်များဖြင့် ကျောင်းသား၊ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၅ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ အသီးသီး ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရာသို့ မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးကျော်ဟန်၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

# ကျေးရွာစာကြည့်တိုက် အဆောက်အအုံအသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိုင်းယန်း ဒီဇင်ဘာ ၂၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မ,တည်ငွေကျပ်သိန်း၁၅၀ ဖြင့် မိုင်းလွေကျေးရွာအုပ်စု၊ ပန်ဆောင်ကျေးရွာအတွင်း စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုင်းယန်းခရိုင် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကျေးရွာစာကြည့်တိုက် တာဝန်ခံတို့မှ စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ခရိုင်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလင်းသန့်က အဖွင့်အမှာစကား ပြောကြားရာတွင် စာကြည့်တိုက်သည် ကျေးရွာများအတွက် အကျိုးပြုသည်သာမက မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ နိုင်ငံတော်အဆင့်အထိ နိုင်ငံ့အကျိုးပြု သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရေးအတွက်ဖြစ်ကြောင်း ပြောကြားပြီး စာကြည့်တိုက် အဆောက်အအုံသစ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ ကျေးရွာစာကြည့်တိုက်တာဝန်ခံမှ လက်ခံရယူသည်။ ဆက်လက်၍ တက်ရောက်လာကြသော မိုင်းယန်းခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြပြီး ရွာသူ၊ ရွာသားများကိုယ်စား ပန်ဆောင်ကျေးရွာ ဆရာတော် ယိုးအေလက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။



## စာဆိုပျော်ကြ နတ်တော်လ

―――――――――

* နှင်းမှုန်ပုလဲ
ဖြန့်ကြဲဝေဆာ ဒီဇင်ဘာ၏
ဆန်းစွာတစ်ရက် ရောက်သည့်ဘက်တွင်
မပျက်စဉ်လာ ကျင်းပရာကား
စာဆိုဂုဏ်မော် လနတ်တော် ။

* နှစ်စဉ်ဂုဏ်တင် ပညာရှင်တို့
တိုင်းခွင်ပြည်ရွာ ကျိုးပြုပါသော
ပေစာရေးသား စာဆိုများကို
လေးစားမြှောက်တင် စာသဘင် ။

* နိုင်ငံကျိုးပြု စာပေမှုဖြင့်
ကြည့်ရှုရေးသား စာဆိုများမှ
သက်ကားကြီးလတ် ဆရာမြတ်ကို
နှင်းအပ်ပူဇာ ထွေထွေရာဖြင့်
ပန်ထွာဦးချ နတ်တော်လ ။

* သဇင်ဖြာသွေး မြင်သူငေးမျှ
ပျံ့မွှေးသင်းကြိုင် ရနံ့လှိုင်သည့်
ဂနိုင်သာမော စုံမြိုင်တောလှ
အဟောဝတ သာပေစွ ။

* လတူရာသီ အေးမြသည်မို့
စုံညီစန်းယှဉ် နက္ခတ်ယာဉ်သည်
မည်တွင်မိဂသီ ပေါ်ထွန်းညီလျက်
မြန်ပြည်တစ်ခွင် ကောင်းကျိုးယှဉ်သည်
အစဉ်သာစွ စာဆိုလ ။ ။

**ပန်းသစ္စာ (ပုသိမ်ကြီး)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒ္ဓလေး

# မြို့မအခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတွင်းကျောင်းပြင်ဘက်၌ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြစ်သား ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရှမ်းပွဲရပ်ကွက်ရှိ မြို့မအခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတွင်း၊ ကျောင်းပြင်ဘက်၌ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့မအခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းအနောက်ဘက်ခြမ်းနှင့်ဘေးဘက်ရှိ ချုံနွယ်များ၊ မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်သရိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ပြီး စုစုပေါင်းအင်အား ၁၉၀ ဦးခန့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# သတင်းပဒေသာ

## ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။ အဆိုပါ ဆောင်းပါးပြိုင်ပွဲတွင် 'လွတ်လပ်ရေးအမွေထိန်းသိမ်းဖို့ တို့သွေးချင်းတို့ စည်းလုံးစို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် 'အဖိုးအနဂ္ဃ ထိုက်တန်ပေ လွတ်လပ်ရေးအမွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း ကျိုင်းတုံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် နံရံကပ်စာတစ်ပုံပြပွဲများ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် နံရံကပ်စာတစ်ပုံပြပွဲများ ကျင်းပခဲ့သည်။ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လူကုန်ကူးမှုပပျောက်ရေးနှင့်ပတ်သက်၍ မြေစိုက်နံရံကပ်ပြဘုတ် ပြသ

ရှမ်းပြည်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူကုန်ကူးမှု ပပျောက်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများအား အများပြည်သူများ ကြည့်ရှုလေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ ရုံးရှေ့မြေစိုက်နံရံကပ်ပြဘုတ်တွင် ပြသဆောင်ရွက်ထားရှိသည်။ အဆိုပါမြေစိုက်နံရံကပ်ပြဘုတ်တွင် လူကုန်ကူးမှုဖြစ်ပွားစေသော အကြောင်းအရာများ၊ လူကုန်ကူးမှုတားဆီးရေးလုပ်ဆောင်ချက်များ၊ လူကုန်ကူးခံရနိုင်သောအခြေအနေများ၊ လူကုန်ကူးခံရလျှင် ဆောင်ရွက်သင့်သော လုပ်ဆောင်ချက်များနှင့် အကူအညီရယူနိုင်သော ဖုန်းနံပါတ်များ စသည့် အကြောင်းအရာအချက်အလက်များကို ပြည်သူများ သိရှိနိုင်စေရန် ပြသဆောင်ရွက်ထားရာတွင် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## သတင်းရေးသားနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/ မြို့နယ်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် သတင်းအရည်အသွေးကောင်းမွန်လာစေရန်နှင့် သတင်းလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် သတင်းရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်ချို၊ မချမ်းဘောမြို့နယ်ဦးစီးမှူး ဒေါ်နီနီလွင်နှင့် နည်းပြများက သတင်းအမျိုးအစားများ၊ သတင်းတန်ဖိုးအကြောင်း၊ သတင်းရေးသားရာတွင် သတိပြုရမည့်အချက်များနှင့် သတင်းရေးသားနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူကုသိုလ်ပြု



မန္တလေး ဒီဇင်ဘာ ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင် ဝန်ထမ်းအိမ်ရာ၊၃၆လမ်း၊၆၈လမ်း နှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက် အလှူခံတော်မူကြသော ဆရာတော်၊သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၀)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

---

## မွေးနေ့အထိမ်းအမှတ် အလှူငွေများ လှူဒါန်း

မန္တလေး ဒီဇင်ဘာ ၂၂

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာရပ်ကွက်၊ ၂၆လမ်း၊ လမ်း ၉၀နှင့် ၉၁လမ်းကြား၊ ပွဲကုန်းရပ်နေ ဒေါ်လှမေ (မြတောင်ညွန့်သကြား စက်နှင့် ပီနံအိတ်ဆိုင်၊ Top Myanmar ပီနံအိတ်စက်ရုံ)၏ အသက်(၉၇) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀နာရီက အလှူရှင်နေအိမ်တွင် ကျင်းပသည်။

အလှူရှင် ဒေါ်လှမေနှင့် မိသားစုမှ ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေး ပဒေသာပင်ငွေကျပ် ၁၅ သိန်းလှူဒါန်းရာ ဆေးရုံကြီးကြပ်မှုကော်မတီနာယက ဦးတင်မောင်ကလည်းကောင်း၊အောင်မြေသာစံမြို့နယ်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ ရာသက်ပန် အကျွေးအမွေး ပဒေသာပင်ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်က လည်းကောင်း၊ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီသို့ ငွေကျပ် ၁၀သိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာ သီတာဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)





မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ခြေမှ ဆရာတော် ဦးကုမာရအမှူးထား၍ ဒေါ်လှလှကြည်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုမှ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ကွမ်း အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။

(ကဆ)

မီးမရှို့ မြေမမြှုပ်၊
စက္ကူတွေကို
ဒါနလုပ်။

---

## ချို့တဲ့အိမ်ထောင်စုများနှင့် အဘိုး၊ အဘွားများအား အခြေခံစားသောက်ကုန်များနှင့် ငွေထောက်ပံ့လှူဒါန်း

မန္တလေး ဒီဇင်ဘာ ၂၂

ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊အဘွားများအား (၂၈)ကြိမ်မြောက်အဖြစ် အခြေခံစားသောက်ကုန်များနှင့် အလှူငွေထောက်ပံ့လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ဦးရင်မောင်ဟိန်း၊ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု(၃၆)စုအား အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဒေါင်းရာဇာဒဏ်ကြေဆေးဘူး တစ်ဘူး၊ လျှက်ဆား တစ်ဘူး၊ခေါင်းလျှော်ရည် နှစ်ထုပ်၊ အနွေးဦးထုပ် တစ်လုံး၊ခြေအိတ် တစ်စုံ၊ ကြက်အူချောင်း တစ်ထုပ်၊ ဆပ်ပြာခဲ တစ်ခဲစီနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၃ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့လှူဒါန်းခဲ့ကြသည်။



ထို့အပြင် ကောင်းထက်မဟာ မိသားစုက ကြက်အူချောင်းထုပ်များနှင့် မေသုခစံအိမ် မိသားစုက အဘိုး၊ အဘွားများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၀)

# သတိပြုဖွယ် သတင်းနယ်ပယ် (၇)

နိုင်ဗလ

မီဒီယာတွင် နှစ်မျိုးရှိသည်။ စာနယ်ဇင်းကို Print Media ဟုလည်းကောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်တို့ကို Electronic Media ဟုလည်းကောင်း ခေါ်သည်။ ပြန်ကြားဆက်သွယ်ရေး၊ လူထုဆက်သွယ်ရေးကို Media၊ ကြားခံဆက်သွယ်ရေးနည်းလမ်း(အလယ်အလတ်) Medium ဟုခေါ်သည်။ Media သည် Medium ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ Medium ဆိုသည်မှာ Mean of Communication ဆက်သွယ်ရေးနည်းလမ်း(သို့)ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည်။ Mass Media ကို လူထုဆက်သွယ်ရေးလုပ်ငန်း၊ လူထုလမ်းကြောင်းဟု ခေါ်သည်။

လူထုဆက်သွယ်ရေးနည်းလမ်း(မီဒီယာ)ကို ပညာရပ်အဖြစ် Journalism ဂျာနယ်လစ်ဇင်ဟုခေါ်သည်။ သတင်းအချက်အလက်များနှင့် ဖြစ်ရပ်များကို လူထုထံ ဖြန့်ပေးသော ပညာရှင်များကို Journalist ဟုခေါ်သည်။ Journalist ဆိုသည်မှာ သတင်းလုပ်ငန်း လုပ်ကိုင်သူအားလုံးကို ခေါ်ဝေါ်ခြင်းဖြစ်သည်။ သတင်းသမား(News man, Press man)၊ သတင်းထောက်(Reporter, Correcspondent, Stringer)၊ မီဒီယာသမား(Media Person)၊ အယ်ဒီတာ(Editor)၊ ခေါင်းကြီးရေးသူ (Editorial Writer)၊ ကော်လံဆောင်းပါးရှင်(Columnist)၊ အထူးကဏ္ဍဆောင်းပါးရှင်(Feature Writer)၊ တိုက်ထိုင်ဆောင်းပါးရှင်(Staff Writer) အားလုံးသည် တာဝန်နှင့်လုပ်ငန်းအလျောက် အခေါ်အဝေါ်ကွဲပြားသော်လည်း အားလုံးသည် Journalist ဖြစ်သည်။ ထို့ပြင် သတင်းဖြန့်နည်းလမ်းအရ ပုံနှိပ်သတင်းစာဆရာ(Print Journalist, Paper Journalist)၊ ရေဒီယိုသတင်းစာဆရာ(Radio Journalist)၊ ရုပ်မြင်သံကြားသတင်းစာဆရာ(Television Journalist)၊ ဓာတ်ပုံသတင်းစာဆရာ(Photo Journalist)၊ ကြေးနန်းသတင်းဌာနသတင်းစာဆရာ(Wire Journalist or Wire Service Journalist) စသည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်ကို သတင်းနယ်ပယ်တစ်လျှောက် လေ့လာသိရှိခဲ့ရသည်။

လူအများစုသိသော တွေ့ရှုမှုဖြင့် မြင်ရှုမှုဖြင့် သိသာသော ဂျာနယ်လစ် Journalist တစ်မျိုးမှာ Photo Journalist (ခေါ်) ဓာတ်ပုံသတင်းထောက်ဖြစ်သည်။ သွားလေရာကင်မရာအိတ်ကြီးတကားကားနှင့် ရိုက်ကူးသောနေရာ၊ အကြောင်းအရာကို ကြည့်ရုံဖြင့် Journalist ဂျာနယ်လစ်ဟုခန့်မှန်းနိုင်သည်။ ဓာတ်ပုံသတင်းထောက်(ခေါ်) Photo Journalist သည် လူအများမြင်သာ ဓာတ်ပုံသတင်းထောက်ဟု ဆိုရမည်ဖြစ်သည်။ သိသာသော Journalist

> ယခင်ခေတ်က ဓာတ်ပုံသတင်းထောက်သည် (ကျွမ်းကျင်သော)သတင်းဓာတ်ပုံကောင်း ရိုက်ကူးနိုင်ရုံမက ပုံစာ(Caption)လည်း ရေးပေးနိုင်ရသည်။ သို့မှသာ အယ်ဒီတာခေါင်းရှုပ်သက်သာမည်ဖြစ်သည်။

ဖြစ်သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားတည်းဖြတ်တင်သူများလည်း ဂျာနယ်လစ်များသာ ဖြစ်သည်။ သတင်းထောက်တွင် ပုံသေတာဝန်ပေးထားသော သတင်းထောက်မျိုးကို (Beat Reporter )ဟုခေါ်ပြီး တာဝန်ချထားခြင်းခံရသော တာဝန်ကျသတင်းထောက်ကို( Assignment Reporter)ဟု ခေါ်သည်။ ပုံသေသတင်းထောက်များသည် သတ်သတ်မှတ်မှတ်တာဝန်ကျရာ နယ်မြေတွင်သာ သတင်းယူရသောကြောင့် ကြာလာသောအခါ တာဝန်ကျနယ်ပယ်တွင် ကျွမ်းကျင်လာသည်။ ဥပမာ- အားကစားကွင်းတွင် တာဝန်ကျသော သတင်းထောက်သည် ကြာလာလျှင် အားကစားပိုင်းသတင်းတွင် ကျွမ်းကျင်သူဖြစ်လာတတ်သည်။ တာဝန်ကျသတင်းထောက်တို့သည် ဖိတ်ကြားသော ဖွင့်ပွဲ၊ ဧည့်ခံပွဲ၊ သရုပ်ပြပွဲ၊ မိတ်ဆက်ပွဲ၊ ရှင်းလင်းပွဲများ၊ အင်တာဗျူးရက်ချိန်းယူ သွားရောက်သတင်းယူခြင်း၊ ရှောင်တခင်ဖြစ်ပျက်သော သတင်းတို့အတွက် လိုအပ်၍ တာဝန်ပေးလျှင် သွားရောက်ကြရသည်။ များသောအားဖြင့် တာဝန်ကျသတင်းထောက်သည် လခစားသတင်းထောက်များဖြစ်ပြီး ပုံသေသတင်းထောက်သည် ကော်လံစားများဖြစ်တတ်သည်။ အချို့သတင်းထောက်တို့မှာ ရရှိသော သတင်းပေါင်းစုံကို မိမိပို့လိုသော စာတိုက်များသို့ ပေးပို့သည့် (Freelance Journalist)လုပ်ကြသည်။ နယ်သတင်းထောက်တို့ထံမှ ဘာသာရပ်၊ နယ်ပယ်ပေါင်းစုံသတင်းများကို ရသည်။

ဓာတ်ပုံသတင်းထောက်သည် သွားလေရာမှတ်စုစာအုပ်၊ အသံဖမ်းစက်၊ ကင်မရာတို့ပါရမည်ဖြစ်သည်။ "နှုတ်တစ်ရာ၊ စာတစ်လုံး" ဆောင်ပုဒ်အရ စာနှင့်လည်း မှတ်ရမည် "စာတစ်ထောင် ပုံတစ်ပုံ" ဆောင်ပုဒ်အရ ဓာတ်ပုံကောင်းလည်းရအောင်

> သတင်းဓာတ်ပုံတွင် ပုံသေနှင့်လှုပ်ရှားမှုရှိသည့် အနက် လှုပ်ရှားမှုကို ပို၍ အသားပေးသင့်သည်။

ဆောင်ရွက်ရမည်ဖြစ်သည်။ သတင်းဓာတ်ပုံများသည် မိမိတို့ ရေးသားဖော်ပြသော သတင်းအဖြစ်အပျက်ကို မှန်ကန်ကြောင်း သက်သေထူပြခြင်း၊ သမိုင်းအတွက် သက်သေအထောက်အထားများကို မှတ်တမ်းဝင်၊ မော်ကွန်းဝင်ဖြစ်စေခြင်း၊ သတင်းဖတ်ရှုသူတို့ကို စိတ်ဝင်စားဖတ်ရှုစေရန် ဆွဲဆောင်နိုင်ခြင်း၊ သက်ဆိုင်ရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့၏ အဆင်တန်ဆာလက်ဝတ်ရတနာများသဖွယ်ဖြစ်ခြင်း၊ စာဖတ်သူတို့ကို စာသားသတင်းအပြင် ဓာတ်ပုံသတင်းကိုပါ ပြည့်ဝစွာမြင်တွေ့စေခြင်း၊ စာမတတ်သူပင် သိမြင်ခံစားနိုင်ခြင်း အကျိုးများကို ရစေသည်။

ယခင်ခေတ်က စာနယ်ဇင်းတို့သည် ဓာတ်ပုံသတင်းထောက်ကို သီးသန့်ခန့်ကြသည်။ သတင်းအချက်အလက်ယူခြင်းကို အခြားသတင်းထောက်က ဆောင်ရွက်ရသည်။ ယခင်က ကင်မရာများ (ဖလင်)မှာ ရိုက်ကူးရန်အတွက် အတတ်ပညာသီးသန့်လိုအပ်သည်။ ဗဟိယများသည်။ သတင်းထောက်များကလည်း သတင်းရေးဖို့သာ စိတ်ဝင်စားသည်။ ဓာတ်ပုံပညာနှင့် ဓာတ်ပုံရိုက်ခြင်းကို စိတ်မဝင်စားကြပေ။ ဖလင်ကင်မရာက အလွဲအချော်မခံ၊ လွဲလျှင်ပုံကောင်းမရ၊ တစ်ခါတစ်ရံအရိုက်ကြီးရိုက်ပြီး ပုံမတင်သည့်အခါမျိုးပင် ရှိတတ်သည်။ တစ်ချိန်က ဖလင်ကင်မရာဖြင့် အရေးပေါ်အချိန်တိုအတွင်း စဉ်းစားချိန်မရဘဲ ကားပေါ်က အမြန်ဆင်း အဲ့ဒီပုံရိုက်ပေးပါ။ ပြီးလျှင် ချက်ခြင်းကားပေါ်တက်ပြီး မောင်းထွက်ခဲ့ရဖူးသည်။ ဖလင်ထုတ်၍ ပုံကူးသောအခါ အလင်းနှင့် မျက်နှာချင်းဆိုင်ရိုက်မိပြီး ပုံမထွက်သည့်အဖြစ် ကိုယ်တိုင်ကြုံရဖူးသည်။ "မင်းတို့အများကြီးလေ့လာသင်ယူကြရဦးမယ်" ဟုသာ မကျေမနပ်ပြောခြင်း ခံခဲ့ရသည်။ ထိုအချိန်ကာလက ၁၉၈၈ ခုနှစ် ဝန်းကျင်ကာလဖြစ်သည်။ မိမိနေထိုင်၊ မိမိ မိသားစုရှိနေသည့် ဌာနကြီးအတွက် လိုအပ်သည်ကို ကူညီဆောင်ရွက်ပေးနေရသည့် အချိန်ဖြစ်သည်။ သွက်လက်ဖျတ်လတ်သော အရွယ်နှင့် ဗဟုသုတ(သတင်း)ရှိပြီးဖြစ်သည့်အတွက် တာဝန်ပေးခြင်းဖြစ်သည်။ နေ့ခင်းရိုက်သော ဓာတ်ပုံသည်ပင် ပျက်တတ်သည်။ ညတွင်မူ ပို၍ခက်လှသည်။ မှုခင်းသတင်းဓာတ်ပုံအတွက် ညဘက်ရိုက်ရလျှင် ပိုဆိုးသည်။ စပီ၊ အပါချာ ချိန်ရသည်။ ဖိုးကပ်ပြတ်အောင် ချိန်ရသည်။ အလင်းရရန် နည်းမျိုးစုံသုံးရသည်။ စက်ဘီးဖြင့်သွားလျှင် စက်ဘီးခွထောက်ထောင်၍ တစ်ယောက်က မီးလင်းအောင်လှည့်၍ မီးထိုးရသည်။ ဆိုင်ကယ်ဖြင့်သွားလျှင် ဆိုင်ကယ်မီးထိုးရသည်။ ကားဖြင့်သွားလျှင် ကားမီး၊ ခြေကျင်သွားလျှင် ဓာတ်မီးစသည်ဖြင့် အလင်းရောင်ရအောင် ပြုပြင်ရိုက်ရသည်။ အော်တိုကင်မရာအသေးပါလျှင် တော်သေးသည်။ ပုံရအောင်လည်း ရိုက်ရသည်။ သတင်းအချက်အလက်လည်းရအောင် မှတ်ရသေးသည်။ မိမိအန္တရာယ်လည်း ကြည့်ရသည်။ မလွယ်ကူသောအလုပ်ကို အချိန်အတိုင်းအတာတစ်ခုအထိ အခြားတာဝန်နှင့် တွဲဖက်လုပ်ကိုင်ပေးခဲ့ရဖူးသည်။ သတင်းထောက်ဘဝ၊ ဓာတ်ပုံသတင်းသမားဘဝကို ကြုံတွေ့ခဲ့ရသည်။ နောင်နှစ်အနည်းငယ်တွင် သတင်းသမားဘဝအစစ်ကို ရသော်လည်း ဖခင်ကျန်းမာရေးကြောင့် နားခဲ့ရပြန်ပြီး မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ရောက်မှ တရားဝင်သတင်းစာဆရာအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သတင်းစာပညာကို ငယ်စဉ်ကတည်းက စာတွေ့၊ ဓာတ်ပုံပညာကို လက်တွေ့ တစ်နှစ်ကျော်ဖြင့် စာတွေ့၊ လက်တွေ့ဖြစ်လာခဲ့သည်။ ယခုအခါတွင် ဒစ်ဂျစ်တယ်ကင်မရာ၊ အသံဖမ်းစက်တို့ကြောင့် သတင်းယူလွယ်ကူလာသည့်အပြင် ဆက်သွယ်ရေးလွယ်ကူသည့် ဖုန်းဖြင့်ပါ သတင်းယူနိုင်သဖြင့် သတင်းယူ၊ သတင်းရေး၊ သတင်းပို့စနစ်သည် လွယ်ကူလျင်မြန်မှု ရှိလာပြီဖြစ်သည်။

ယခင်ခေတ်က ဓာတ်ပုံသတင်းထောက်သည် (ကျွမ်းကျင်သော)သတင်းဓာတ်ပုံကောင်း ရိုက်ကူးနိုင်ရုံမက ပုံစာ( Caption )လည်း ရေးပေးနိုင်ရ

> မှုခင်းသတင်းဓာတ်ပုံအတွက် ညဘက်ရိုက်ရလျှင် ပိုဆိုးသည်။ စပီ၊ အပါချာ ချိန်ရသည်။ ဖိုးကပ်ပြတ်အောင် ချိန်ရသည်။ အလင်းရရန် နည်းမျိုးစုံသုံးရသည်။ စက်ဘီးဖြင့် သွားလျှင် စက်ဘီးခွထောက်ထောင်၍ တစ်ယောက်က မီးလင်းအောင်လှည့်၍ မီးထိုးရသည်။ ဆိုင်ကယ်ဖြင့် သွားလျှင် ဆိုင်ကယ်မီးထိုးရသည်။ ကားဖြင့် သွားလျှင် ကားမီး၊ ခြေကျင်သွားလျှင် ဓာတ်မီးစသည်ဖြင့် အလင်းရောင်ရအောင် ပြုပြင်ရိုက်ရသည်။ အော်တိုကင်မရာ အသေးပါလျှင် တော်သေးသည်။ ပုံရအောင်လည်း ရိုက်ရသည်။ သတင်းအချက်အလက်လည်းရအောင် မှတ်ရသေးသည်။ မိမိအန္တရာယ်လည်း ကြည့်ရသည်။

သည်။ သို့မှသာ အယ်ဒီတာခေါင်းရှုပ်သက်သာမည်ဖြစ်သည်။ သတင်းရေးသူမှာ ပြည့်စုံလျှင် ဓာတ်ပုံနှင့် Caption ကို ကြည့်၍ သတင်းရှည် ပြန်ရေးနိုင်သည်။ အချို့ကို ဓာတ်ပုံနှင့် Caption သာ ထည့်မည်ဟု ဆုံးဖြတ်ရလွယ်မည်ဖြစ်သည်။ သတင်းဓာတ်ပုံတို့မည်သည် ရိုးရိုးအပျော်ရိုက်၊ အလှရိုက်ပုံများကဲ့သို့ အချိန်ယူပြင်ဆင်နိုင်သည့် အခွင့်အရေးမရှိ၊ လျှပ်တစ်ပြက်ဖြင့်ကောင်းအောင် ရိုက်ရသည်။ အချက်အလက်ယူရသည်။ သတင်းဓာတ်ပုံတွင် ပုံသေနှင့်လှုပ်ရှားမှုရှိသည့် အနက် လှုပ်ရှားမှုကို ပို၍ အသားပေးသင့်သည်။ လှုပ်ရှားမှုပုံဆိုရာတွင် ကိုယ်လက်(သို့)အရာဝတ္ထုများ လှုပ်ရှားမှု(ဥပမာ- စက်ဘီးပြိုင်ပွဲပန်းဝင်ပုံ)၊ အမူအရာလှုပ်ရှားမှု(အောင်စာရင်းကြည့်ပြီး ပျော်မြူးခုန်ပေါက်နေပုံ၊ နာကျင်ခံစားနေပုံ)၊ စိတ်လှုပ်ရှားစေမှု(ဥပမာ- သဘောနစ်နေပုံ)တို့ဖြစ်သည်။ အခမ်းအနားသို့ ကိုယ်တိုင်ရောက်မှသာ ဓာတ်ပုံသတင်းရနိုင်ပြီး အခမ်းအနားပုံရိုက်လျှင် ရှေ့မှရိုက်သင့်သည်ကို သတိပြုရမည်ဖြစ်သည်။ နောက်မှ ရိုက်ခြင်းကို ရှောင်ရမည်ဖြစ်သည်။ စာနယ်ဇင်းများတွင် ဓာတ်ပုံကို ဖော်ပြသည့်အခါ ပုံတိုင်းတွင် ပုံစာပါရမည်။ ပုံစာမပါလျှင် သတင်းနှင့်တွဲ၍ ပုံညွှန်းထည့်သင့်သည်။ သတင်းဆောင်းပါးကို ဓာတ်ပုံထည့်က ဓာတ်ပုံမည်သူဖြစ်ကြောင်း ဖော်ပြရမည်ဖြစ်သည်။

သတင်းဓာတ်ပုံတွင် နောက်ခံ(Background)သည် အရေးကြီးသည်။ မည်သည့်နေရာတွင် ဖြစ်ပျက်သည်ကို ရိုက်ကူးထားကြောင်း နောက်ခံပြသနေသည်။ လူသိများသည့် နောက်ခံဆို ပို၍ အဆင်ပြေသည်။ နောက်ခံကဲ့သို့ ရှေ့ပိုင်း(Foreground)လည်း အရေးကြီးသည်။ Foreground သည် ဓာတ်ပုံအလှနှင့် ပသာဒကို ဖော်ပြနိုင်သည်။ သတင်းတို့၌ သုံးသောဓာတ်ပုံကို "ရသ" ဓာတ်ပုံဟု ခေါ်၍ ရသည်။ ရသများထဲမှ တစ်မျိုးမျိုးကို ပေးစွမ်းအောင် ရိုက်ကြရသည်။

ဇဝ် မေ သုတ်

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ပတ္တမြားကျောင်းတိုက်တွင် ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ဒီဇင်ဘာ ၂၁ရက်နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့မှ ဆရာတော်၊ သံဃာတော် ၁၃၈ ပါးနှင့် ဒေသခံပြည်သူ ၄၁ ဦး စုစုပေါင်း ၁၇၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်မြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။(ဝဲပုံ)(၀၃၈)

# နည်းပြအိုင်ဗန်ဂျူရစ်အား နည်းပြသစ်အဖြစ် ဆောက်သမ်တန်အသင်းခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၂၂**

ဆောက်သမ်တန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အိုင်ဗန်ဂျူရစ်အား ၁၈လသက်တမ်းစာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ရိုးမား၊ တိုရီနို၊ ဂျီနိုအာစသည့်ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၉)နှစ်အရွယ်ရှိ နည်းပြ အိုင်ဗန်ဂျူရစ်က "ကျွန်တော် အခုလို ဆောက်သမ်တန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ ဆောက်သမ်တန်အသင်းကိုလည်း ရလဒ်ကောင်းတွေရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ" ဟု ပြောသည်။ **(NGB)**



| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘိုချန် | ၂ - ၀ | ဟိုင်ဒင်ဟိမ်း |
| ဝုဖ်ဘတ် | ၁ - ၃ | ဒေါ့မွန် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဖူလ်ဟမ် | ၀ - ၀ | ဆောက်သမ်တန် |
| လက်စတာ | ၀ - ၃ | ဝုဖ် |
| အဲဗာတန် | ၀ - ၀ | ချဲလ်ဆီး |
| ဖန်ယူ | ၀ - ၃ | ဘုန်းမောက် |
| စပါး | ၃ - ၆ | လီဗာပူး |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ပလင်စီယာ | ၂ - ၂ | အလာဗက်စ် |
| ရိုရဲလ်မက်အရစ် | ၄ - ၂ | ဆီဗီလာ |

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ရိုးမား | ၅ - ၀ | ပါးမား |
| ဗင်းနစ်ဇီးယား | ၂ - ၁ | ကယ်ဂလီယာရီ |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၂ - ၀ | ဘရစ္စတိုး |

# မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်း အသင်းသားစုံညီအစည်းအဝေးကျင်းပ၊ အမှုဆောင်အဖွဲ့သစ် ရွေးချယ်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်း MRCAF ၏ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက KMC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့နာယကများက ဦးဆောင်ပြီး အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ကြသည်။

မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့သစ်တွင် ဦးခိုင်ထွန်း 5th Batch (ဥက္ကဋ္ဌ)၊ ဦးတင်လတ် 4th Batch (အတွင်းရေးမှူး)၊ ဒေါ်သီတာဌေး 6th Batch (ဘဏ္ဍာရေးမှူး)၊ ဦးသက်နိုင်ထွန်း 4th Batch(ပြန်ကြားရေးမှူး)နှင့် ဦးကိုကို 6th Batch(စာရင်းစစ်) တို့ကို ရွေးချယ်ခဲ့ကြသည်။



ဆက်လက်၍ မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်း နာယက၊ အမှုဆောင်များက ဆဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကောလိပ် All regional အာစရိယပူဇော်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်၊ မတ်လ ပထမပတ်တွင် ကျင်းပနိုင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ပြည်သူ(မန္တလေး)**

# လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ပြောကြားပြီး စာရေးဆရာ ဒေါက်တာဖြိုးသီဟ ရေးသားထုတ်ဝေထားသော "ပျော်ရွှင်ပါစေ" စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွဲဖက်ဝန်ထမ်းများက စာအုပ်ပါအကြောင်းအရာများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဘာမိသာ(ပခုက္ကူ)**

# အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အောင်လံ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းကို ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာမြတ်သူနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ စာသင်ကျောင်းအတွင်း ချုံနွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အာကာ(ပြန်/ဆက်)**



# ပုံပြင်ပြောပြိုင်ပွဲနှင့် စက္ကူအရုပ်ခေါက်ပြိုင်ပွဲ ကျင်းပ

**ကျိုင်းလပ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ပုံပြင်ပြောပြိုင်ပွဲနှင့် စက္ကူအရုပ်ခေါက်ပြိုင်ပွဲများ ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြည်သူ့စာကြည့်တိုက်ကို အသုံးပြုတတ်စေရန်၊ စာဖတ်သည့်အလေ့ကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေး ပိုမိုထက်မြက်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် (အကြို) ပုံပြင်ပြောပြိုင်ပွဲနှင့် စက္ကူအရုပ်ခေါက်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများမှ ဆုရရှိသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan နှင့် Wang Yibo တို့ Dragon TV ၏ New Year's Eve 2025 ကို တက်ရောက်မည်




၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုပွဲတော်ကို Dragon TV မှ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြမည့် အနုပညာရှင်များစာရင်းတွင် ရှောင်းကျန့်နှင့် ဝမ်ရိဘိုတို့ ပါဝင်၍ ပရိသတ်စိတ်ဝင်စားနေကြောင်း ဝိုင်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင်များစွာ ပါဝင်သည့် အဆိုပါပွဲတက်စာရင်းကို ထုတ်ပြန်ကြေညာထားရာ ရှောင်းကျန့်၊ ဝမ်ရိဘို၊ ချောင်ရီ၊ ဝေါင်ဂျွမ်၊ ကျန်းလူဆီ၊ ယူရှုရှင်း၊ ကျန်းရိယမ်၊ ကျန်းလင်ဟီး၊ လျူယူနိုင်း၊ ဘိတ်ဂျင်တန်၊ လျူယူရှင်းနှင့် အနုပညာရှင်များစွာ ပါဝင်ထားသည်။

ချောင်ရီက (၂၉)ကြိမ်မြောက် Asia Television Award တွင် ဆန်ခါတင်ဝင်ထားပြီး ဝမ်ရိဘိုပါဝင်သည့် War of Faith လည်းပါဝင်ကာ ကျန့်အနုပညာရှင်များမှာလည်း Golden Eagle Awards ဆုပေးပွဲတွင် စာရင်းပါဝင်ထားပြီး ရင်ခုန်စွာ စောင့်မျှော်နေကြသည်။ (SKY)

******



## အက်ဆီတမီနိုဖင်ဆေးဝါး ဆက်တိုက်သုံးစွဲခြင်းကြောင့် အသက် ၆၅ နှစ်ကျော်လူကြီးများ ဆိုးကျိုးကြုံတွေ့နိုင်

အဆစ်အမြစ်ရောင်ရောဂါသက်သာစေရန်အတွက် အက်ဆီတမီနိုဖင်ဆေးဝါးကို လူအများစုသောက်နေကြရသည်။

ဝေဒနာခံစားနေရသူများ၏ အကိုက်အခဲကို ထိရောက်စွာသက်သာစေသဖြင့် ထိုဆေးကိုလူကြိုက်များနေခြင်းဖြစ်သည်။

၎င်း၏အာနိသင်အမျိုးမျိုးနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံ နော်တင်ဟမ်တက္ကသိုလ်မှ ပါမောက္ခ ဝေယာကျန်း ဦးဆောင်သော ပညာရှင်များ စူးစမ်းလေ့လာခဲ့ကြသည်။


ထိုသို့လေ့လာရာမှ အက်ဆီတမီနိုဖင်ဆေးဝါး ဆက်တိုက်သုံးစွဲခြင်းကြောင့် အသက် ၆၅ နှစ်ကျော်လူကြီးများ ဝမ်းဗိုက်အစာအိမ်တို့နှင့်ပတ်သက်၍ ဆိုးကျိုးကြုံတွေ့နိုင်သည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Pushpa 2 The Rule ရုပ်ရှင်ဇာတ်ဝင်သီချင်း Kissil မိတ်ဆက်ပွဲ ပြုလုပ်ခဲ့


ကိုဗစ်ကာလတွင် ထွက်ရှိခဲ့သည့် အာလူးအာဂျွန်၏ ရုပ်ရှင် Pushpa မှာ တောင်ပိုင်းရုပ်ရှင်ကားဖြစ်ပြီး ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားပြီး အပိုင်းနှစ် နမူနာနှင့်အတူ ဇာတ်ဝင်တေး Kissil ကို မိတ်ဆက်ပွဲ ကျင်းပခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ခုနှစ် တီလဂူရုပ်ရှင်သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံးဖြစ်လာရန် မျှော်မှန်းထားသော အဆိုပါရုပ်ရှင်နမူနာတွင် သီချင်းနှစ်ပုဒ်ပါဝင်ကာ Kissil သီချင်းအတွက် မိတ်ဆက်ပွဲသို့ အနုပညာရှင်များ စုံညီ၍ တက်ရောက်ခဲ့ကြသည်။

အဓိက သရုပ်ဆောင် အာလူးအာဂျွန်၊ ရက်ရှ်မီကာတို့ အပါအဝင် အနုပညာရှင်များစွာနှင့် စုံညီ၍ ပွဲတက်ခဲ့ကြကာ ဒီဇင်ဘာ ၅ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ (SKY)




## Red Velvet မှ Wendy က Happy တွင် ပါဝင်သီဆိုထား




ရက်ဒ်ဗဲလင့်အဖွဲ့ဝင် ဝင်ဒီသည် ဂျင်၏ Happy ဂီတအယ်လ်ဘမ်တွင် နောက်ခံတေးဂီတသီဆိုပါဝင်ထားသည်ဟု ဘစ်ဟစ်နှင့် အက်စ်အမ်အင်တာတိန်းမင့်က အတည်ပြုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတအယ်လ်ဘမ်သည် band song ကို အခြေခံထားပြီး သီချင်းခြောက်ပုဒ်ပါဝင်ကာ ဝင်ဒီလည်း ပါဝင်သီဆိုထားရာ သူ၏နူးညံ့လန်းဆန်းသောအသံနှင့် ပြင်းထန်သောအသံစွမ်းရည်ကြောင့် ပရိသတ်နှစ်ခြိုက်ခဲ့သူ ဖြစ်သည်။

တတိယကေပေါ့ပ်မျိုးဆက် ဝင်ဒီက ဂျင်၏တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် Happy တွင် ပျော်ရွှင်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရိုးသားစွာ ဝေမျှထားပြီး နေ့စဉ်ဘဝတွင် ခွန်အားနှင့် နှစ်သိမ့်ပေးမည့်ဂီတကို ပြင်ဆင်ထား၍ ပါဝင်သီဆိုထားခြင်း ဖြစ်သည်ဟု ပြောကြားထားပြီး နိဝင်ဘာလလယ်တွင် ထွက်ရှိလာမည်ဖြစ်သည်။ (SKY)

## Jennie ၏ တစ်ကိုယ်တော်ဂီတ ဂယက်ထ၍ ဝေဖန်စရာဖြစ်ခဲ့ရ

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်းနီကင်၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်ထဲမှ စာသားတချို့ကြောင့် ကိုရီးယားမှလွဲ၍ နိုင်ငံတကာ ပရိသတ်ကြား ဂယက်ထကာ ဝေဖန်စရာဖြစ်ခဲ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားမှလွဲ၍ တစ်ကမ္ဘာလုံး၏ Lyries Siet များကို ဂယက်ထသွားစေသည့်သီချင်းမှာ အဓိကစာသားနားကြားမှား၍ Bitch I'm Doing Solo ဟု အဓိပ္ပာယ်ထင်၍ ဝေဖန်စရာဖြစ်ခဲ့ရသည်။

စာသားအမှန်မှာ 'ငါက တစ်ကိုယ်တော် တောက်ပမှာ' ဖြစ်ကြောင်း တေးရေးဆရာက ရှင်းပြခဲ့မှ အဆင်ပြေသွားခဲ့ပြီး ကိုရီးယားရေဒီယိုများကပါ သီချင်းလွှင့်ရန် တုံ့ဆိုင်းမှုရှိခဲ့ကြသည်။

ဂျင်းနီ၏တစ်ကိုယ်တော် ဂီတအယ်လ်ဘမ်၏ ဂယက်ထမှုမှာ ပရိသတ်တချို့အကြား ကျော်ကြားအောင် တမင်ဖန်တီးထားသည်ဟုလည်း ဝေဖန်သံများကြားခဲ့ရသည်။ (SKY)






## G Dragon က You Quiz အင်တာဗျူးတွင် ရင်နာစရာ (Power) များကို ပြောကြားသွား

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်း၏ တစ်ကိုယ်တော်ဂီတ Power နှင့်အတူ You Quiz အစီအစဉ်အင်တာဗျူးတွင် သူ၏ခံစားချက်အစစ်အမှန်များကို ရင်နာစရာ ပြောကြားသွားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်ကို ဖိတ်ကြားထားသော်လည်း ခုနစ်နှစ်ကြာမှ သီချင်းသစ် You Quiz နှင့်အတူ အနုပညာရှင်နှင့် မီဒီယာများကြား ခွန်အားများကို ပေါင်းစု၍ တတိယလူနေရာမှ ရေးသားထားသည့် သီချင်းသစ်ကို ချပြခဲ့သည်။

ဂီတကို ရုပ်ပစ်ချင်သော်လည်း ခံနိုင်ရည်ရှိရှိဖြင့် Power ခွန်အားများကိုသုံးကာ သူ့ဘဝတွင် ထုတ်မပြောခဲ့ဖူးသည့်ခံစားချက်များထုတ်ပြသွား၍ ပရိသတ်မျက်ရည်လည်ခဲ့ရသည်အထိ ဖြစ်ခဲ့ကြသည်။

ဂျီဒရယ်ဂွန်၏ Power မှာ ၂၄ နာရီအတွင်း 2M Stream ရရှိသည့် ပထမဆုံးသောသီချင်းဖြစ်ခဲ့ပြီး ဘီလ်ဘုတ်ဟော့ပ် ၁၀၀ တွင် နံပါတ်တစ် ချိတ်ခဲ့သည်။ (SKY)

## Mohini Dey ၏ သတင်းကြောင့် ပရိသတ်ဝေဖန်ခံနေရ



အိန္ဒိယဂီတပညာရှင်၊ အော်စကာဆုရှင် အေအာရ်ရာဟ်မာန်၏ တပည့်မလေး မိုဟီနီဒေးက ခင်ပွန်းသည်၏ ကွာရှင်းသော သတင်းတင်ခဲ့၍ ပရိသတ်ကြား ဝေဖန်သံများ ထွက်ပေါ်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မိုဟီနီဒေးသည် အေအာရ်ရာဟ်မာန်၏အဖွဲ့တွင် ဂီတာတီးသူဖြစ်ပြီး ခင်ပွန်းသည်နှင့် ကွာရှင်းမည့်အကြောင်း သတင်းတင်ခဲ့ရာမှ ဆရာဖြစ်သူ အေအာရ်ရာဟ်မာန်၏ ၂၉နှစ်ပေါင်းသင်းလာသည့် ဇနီးသည်နှင့် ကွာရှင်းမည့်သတင်းကြောင့် ပရိသတ်များကြား ဝေဖန်သံများ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

မိုဟီနီဒေးကြောင့် ဆရာဖြစ်သူ အိမ်ထောင်ရေးပြိုကွဲရခြင်းဖြစ်သည်ဟု စွပ်စွဲထားကြသည်။ (SKY)

## နှစ်ပါတီဆုံးဖြတ်ချက်ဖြင့် အသုံးစရိတ်ဥပဒေကြမ်းကို သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးအတည်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန်နှစ်ပါတီ ဆီးနိတ်အမတ်များ မဲခွဲဆုံးဖြတ်ထောက်ခံခဲ့သော အသုံးစရိတ်ဥပဒေကြမ်းကို ဒီဇင်ဘာ ၂၁ ရက်က သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ယင်းကဲ့သို့ နှစ်ပါတီဆုံးဖြတ်ချက်ဖြင့် အသုံးစရိတ်ကို အတည်ပြုပေးခဲ့ခြင်းကြောင့် အစိုးရပိတ်ချမှုမဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ရာ အမေရိကန်ပြည်သူလူထုအတွက် သတင်းကောင်းပင်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ရှင်းလင်းပြောကြားသည်။

စက်တင်ဘာလက သတ်မှတ်ခဲ့သော အစိုးရအသုံးစရိတ်သက်တမ်းကာလကုန်ဆုံးသည့်နေ့တွင် အမေရိကန် ဆီးနိတ်က ၈၅ မဲ-၁၁ မဲရလဒ်ဖြင့် ဥပဒေကြမ်းကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အစိုးရပိတ်ချမှုဖြစ်နိုင်ခြေကို ရှောင်လွှဲနိုင်ခဲ့သဖြင့် အစိုးရလက်အောက်ခံဌာနအသီးသီးမှ ဝန်ထမ်းပေါင်း သိန်းနှင့်ချီ၍ ပုံမှန်လစာခံစားကာ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရကြမည်ဖြစ်ကြောင်း သိရသည်။

Mon



## ဟူသီသူပုန်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်စဉ် အမေရိကန်တိုက်လေယာဉ် မှားယွင်းပစ်ချခြင်းခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

ယီမင်နိုင်ငံတွင်အခြေစိုက်သည့် ဟူသီသူပုန်ပစ်မှတ်များကို ယမန်နေ့က ပစ်ခတ်တိုက်ခိုက်စဉ် ပင်လယ်နီရေပြင်ပိုင်နက်အတွင်း အမေရိကန်တိုက်လေယာဉ်တစ်စင်း မှားယွင်းပစ်ချခြင်းခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ရေတပ် ယူအက်စ်အကစ်ဟယ်ရီအက်စ်ထရူးမန်း သင်္ဘောအုပ်စုပေါ်မှ အက်ဖ်အေ ၁၈ ဟော်နက်အမျိုးအစားတိုက်လေယာဉ် ဖြတ်ကျော်ပျံသန်းနေစဉ် မှားယွင်းပစ်ချခံခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က အတည်ပြုကြေညာသည်။

အဆိုပါသင်္ဘောအုပ်ထဲမှ ယူအက်စ်အက်စ်ဂက်တီဘာ့ဂ်သင်္ဘောက ထိုလေယာဉ်ကို မှားယွင်းပစ်ချလိုက်ခြင်းဖြစ်ကြောင်း အလယ်ပိုင်းစစ်ဌာနချုပ် ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားသည်။

မှားယွင်းပစ်ချခံရသော လေယာဉ်ပေါ်မှ လေသူရဲနှစ်ဦးစလုံး အရေးပေါ်ခလုတ်နှိပ်ပြီး အောက်သို့ ဘေးကင်းစွာဆင်းလာနိုင်သော်လည်း တစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ဟူသီသူပုန်များ၏ လက်နက်တိုက်များကို ထိုအမေရိကန်ရေတပ်သင်္ဘောအုပ်စု ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီးနောက် လေယာဉ်မှားယွင်းပစ်ချခံရမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## အိတ်ချ်တီအက်စ်အုပ်စုမှ ခေါင်းဆောင်နှစ်ဦးကို နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ်ခန့်အပ်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၂**

အမေရိကန်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့သော အိတ်ချ်တီအက်စ်အုပ်စုမှ ခေါင်းဆောင်နှစ်ဦးကို ဆီးရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ယမန်နေ့က ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆတ်ဟတ်ဆန်အယ်လ်ရှီဘာနီကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ မူဟာတ်ဖ်အဘူကွာဆရာကို ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း ကြားဖြတ်အစိုးရက ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် ကြားဖြတ်အစိုးရကို အယ်လ်ရှာရာ၏ ယခင်သွေးသောက်ရဲဘော်အများစုဖြင့် ဖွဲ့စည်းခဲ့ရာ ဝန်ကြီး ၁၄ ဦးခန့်ထားပြီးဖြစ်ကြောင်း သိရသည်။

Mon






ဂျာမနီနိုင်ငံ မတ်ဘာ့ဂ်မြို့ ခရစ်စမတ်ဈေးပွဲတော်အတွင်း ကားဝင်တိုက်ခံရသဖြင့် သေဆုံးခဲ့ရသူငါးဦးအတွက် ဒီဇင်ဘာ ၂၁ ရက်က ပန်းများခင်းပြီး အောက်မေ့ဆုတောင်းပေးနေကြစဉ်။ Mon



## စာသင်ကျောင်းတွင် ဓားထိုးမှုဖြစ်ပွားခဲ့ပြီးနောက် အယ်လ်ဘေးနီးယား၌ တစ်တော့ တစ်နှစ်ပိတ်ပင်

**တီရာနာ ဒီဇင်ဘာ ၂၂**

စာသင်ကျောင်းတွင် ဓားထိုးမှုဖြစ်ပွားခဲ့ပြီးနောက် အယ်လ်ဘေးနီးယားနိုင်ငံ၌ တစ်တော့လူမှုကွန်ရက်ကို တစ်နှစ်ပိတ်ပင်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



လွန်ခဲ့သော နိုဝင်ဘာလက ဆယ်ကျော်သက်ကျောင်းသားနှစ်ဦး တစ်တော့လူမှုကွန်ရက်ကို အကြောင်းပြု၍ စကားများရန်ဖြစ်ရာမှ တစ်ဦးက ဓားဖြင့်ထိုးရာမှ ဓားထိုးခံရသော အသက် ၁၄ နှစ်အရွယ်ကျောင်းသား သေဆုံးခဲ့ရသည်။

ကလေးများကိုသာမက တစ်နိုင်ငံလုံး တစ်နှစ်တိတိ တစ်တော့ မသုံးရဟု ဝန်ကြီးချုပ် အယ်ဒီရာမာ၏အမိန့်ဖြင့် ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

ဤပြဿနာသည် ကျွန်ုပ်တို့ကလေးများ၏ပြဿနာမဟုတ်ဘဲ ကျွန်ုပ်တို့၏ပြဿနာ၊ ကျွန်ုပ်တို့လူမှုအဖွဲ့အစည်း၏ပြဿနာဖြစ်ကြောင်း ဝန်ကြီးချုပ်ရာမာက ရှင်းပြသည်။

တစ်နှစ်ကုန်ဆုံးသွားပါက တုံ့ပြန်လာသောအခြေအနေများအပေါ်တွင်မူတည်၍ တစ်တော့ကို မိမိတို့နိုင်ငံ၌ အပြီးအပိုင်ပိတ်ပင်သင့်ပါက ပိတ်ပင်သွားမည်ဟု ၎င်းက ထည့်သွင်းပြောကြားလိုက်ကြောင်း သိရသည်။

Mon

## တောင်ကိုရီးယားသမ္မတ ယွန်းကို ထောက်ခံကြသူများ ဆိုးလ်မြို့လယ်၌ ရာနှင့်ချီ အင်အားပြချီတက်ဆန္ဒပြ

**ဆိုးလ် ဒီဇင်ဘာ ၂၂**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို အားပေးထောက်ခံကြသူများ ယမန်နေ့မွန်းလွဲပိုင်းတွင် ဆိုးလ်မြို့လယ်၌ ရာနှင့်ချီ အင်အားပြချီတက်ဆန္ဒပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းခံနေရသည့် သမ္မတယွန်းကို လွှတ်မြောက်ခွင့်ပေးရန် ၎င်းတို့က တောင်းဆိုခဲ့ကြသည်။

တစ်ချိန်တည်းတွင် သမ္မတယွန်းကို မလိုလားသဖြင့် ကန့်ကွက်ကြသူများကလည်း အပြိုင်အင်အားပြခဲ့ကြသည်။ သို့ရာတွင် နှစ်ဖက်ရန်ပြုခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့ကြောင်း သိရသည်။ Mon




## ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း မီနတ်စ်ဂေရိုက်ဒေသ၌ ဘတ်စ်ကားနှင့် ကုန်ကားဝင်တိုက်၊ လူ ၃၂ ဦး သေဆုံး

**ဘရာစီးလီးယား ဒီဇင်ဘာ ၂၂**

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း မီနတ်စ်ဂေရိုက်ဒေသ၌ ဒီဇင်ဘာ ၂၁ ရက် နံနက်စောစောပိုင်းက ဘတ်စ်ကားနှင့် ကုန်ကားဝင်တိုက်မှုဖြစ်ပွားရာ လူ ၃၂ ဦး သေဆုံးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆောပေါ်လိုမြို့မှထွက်ခွာလာသော ယင်းဘတ်စ်ကားသည် ခရီးသည် ၄၅ ဦးကိုတင်ဆောင်မောင်းနှင်လာစဉ် ကုန်ကားနှင့် ဝင်တိုက်မိခြင်းဖြစ်ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အရှိန်ဖြင့်မောင်းနှင်လာသော ဘတ်စ်ကား ဘီးပေါက်ပြီးနောက် တစ်ဖက်မှလာနေသည့် ကုန်ကားနှင့်ဝင်တိုက်မိခြင်းဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များက လူသုံးဦးကို အစပိုင်းတွင်ကယ်ထုတ်နိုင်ခဲ့သည်။



အခင်းဖြစ်ပွားအပြီးတွင် သက်ဆိုင်ရာက အသေအပျောက်နှင့် ဒဏ်ရာရသူစာရင်းကို အတည်ပြုနိုင်ရန် စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

Mon

**STOP AIDS**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ် လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် St. Mary's Cathedral Church သို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သိက္ခာတော်ရဆရာ မျိုးမြင့်ဦးက အဖွင့်ဆုတောင်းပြီး သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် **"အိုသာယာသော မြန်မာပြည်"** မေတ္တာသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယေရှုခရစ်တော် မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကို ကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကို ပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဟု ဆိုနိုင်ကြောင်း။

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း စတင်ကစားရမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲများကို ၂၀၂၅ ခုနှစ် မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်း စတင်ကစားရမည်ဖြစ်သည်။




ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။

မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စုမဲခွဲရာတွင် အုပ်စု (E)၌ ဆီးရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ပါကစ္စတန်အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများကို ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၅ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ဆီးရီးယား အသင်းနှင့် အဝေးကွင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အဝေးကွင်း၊ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲကို လေးသင်းခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး




## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၂

ယနေ့ညနေ ၅နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ